


ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ

# မိုးကုတ်ဆရာတော်ဘုရားကြီး

၁၀–၇–၁၉၆၂ ရက်နေ့ ရန်ကုန်မြို့၌

ဟောကြားဆုံးမတော်မူသော

# ခန္ဓာဖြစ်စဉ် ဉာဏ်နဲ့မြင်

၃၀၁

(ဧဟိပဿိကောဒေါ်ရာသန္ဒိဋ္ဌိကောနဲ့လိုက်)

၁၀-၇-၁၉၆၂ ရက်နေ့ ရန်ကုန်မြို့၌



ကျေးဇူးတော်ရှင်

အဂ္ဂမဟာပဏ္ဍိတ

# မိုးကုတ်ဆရာတော်ဘုရားကြီး

ဟောကြားဆုံးမတော်မူသော

# ခန္ဓာ့ဖြစ်စဉ် ဉာဏ်နဲ့မြင်

(ဧဟိပဿိကောခေါ်ရာ သန္ဒိဋ္ဌိကောနဲ့လိုက်)

# ပုံနှိပ်မှတ်တမ်း

| | | |
|---|---|---|
| အုပ်ရေ | - | ၁၀၀၀ |
| ခုနှစ် | - | ၂၀၁၂ ခုနှစ် |
| တန်ဖိုး | - | ကျပ် |
| အဖုံးပုံနှိပ်ခြင်း | - | သန်းထိုက်ရတနာအော့ဖ်ဆက် |
| ထုတ်ဝေသူ | - | ဦးအောင်နိုင်မြင့်(မြ-၀၄၃၇၅)<br>မိုးကုတ်ဝိပဿနာနှင့် လုပ်ငန်းစဉ်ပြန့်ပွားရေး<br>အဖွဲ့ချုပ်၊ အမှတ်(၈၂)၊ နတ်မောက်လမ်း၊<br>ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။ |
| အတွင်းပုံနှိပ် | - | ဦးဝင်းအောင် (မြ-၀၅၁၃၅)<br>သန်းထိုက်ရတနာပုံနှိပ်တိုက်<br>၈၄/၈၆၊ လမ်း ၅၀ (အလယ်)<br>ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ |



**ဝိပဿနာတရားစဉ်နှင့် လုပ်ငန်းစဉ်ပြန့်ပွားရေးအဖွဲ့ချုပ်၏**
**မူပိုင်ဖြစ်သည်မည်သူမျှကူးယူထုတ်ဝေခြင်းမပြုရ။**



**CIP 294.3**

မိုးကုတ်ဆရာတော်ဘုရားကြီး
ခန္ဓာ့ဖြစ်စဉ် ဉာဏ်နဲ့မြင်၊ ရန်ကုန်။
မိုးကုတ်ဝိပဿနာကျင့်စဉ်နှင့် လုပ်ငန်းစဉ်ပြန့်ပွားရေးအဖွဲ့ချုပ်
(၂၀၁၂)
စာ - ၅၉ ၊ ၈.၆၄ × ၁၃.၇၂ စင်တီ
(၁) ခန္ဓာ့ဖြစ်စဉ် ဉာဏ်နဲ့မြင်

၁၀–၇–၆၂ ရက်နေ့ (ည)
အမရပူရမြို့ မဂ်လာတိုက်ဟောင်း
ကျေးဇူးရှင်
မိုးကုတ်ဆရာတော်ဘုရားကြီး
ရန်ကုန်မြို့၌ ဟောကြားဆုံးမတော်မူသော

# ခန္ဓာ့ဖြစ်စဉ် ဉာဏ်နဲ့မြင်

* * *

အားလုံး ဒကာ ဒကာမတွေ ဒီကိုယ့်ခန္ဓာစက်ဝိုင်းကြီး ကိုယ်တိုင်ပင် မြင်ကြရဲ့ မဟုတ်လား ...(မှန်ပါ့ဘုရား၊ မြင်ပါတယ်)။

ဒါ ပဋိစ္စသမုပ္ပါဒ်စက်ဝိုင်းလား၊ ခန္ဓာစက်ဝိုင်းလားဆိုတာ ကို သေသေချာချာ ကြည့်ပါတဲ့။ စာကို ဝိုင်းထားတယ်လို့ မယူဆ ကြပါနဲ့။ ခန္ဓာအဝိုင်းပြေး ပြေးနေတယ်လို့ သိပါလို့ သတိပေး လိုက်တယ်နော်...(မှန်ပါ့)။

## ခန္ဓာအရှိ ဉာဏ်အသိ

စာမှာ ဒီလိုရှိတာလား။ ခန္ဓာမှာ ဒီလိုရှိတာလား... (ခန္ဓာမှာ ဒီလိုရှိပါတယ်ဘုရား)။ ဪ...ခန္ဓာမှာ ဒီလိုရှိတာကို သိမှသာလျှင် ဪ...သံသရာခရီးသည်ဟာ အဝိုင်းပြေး ပြေးနေပါကလားဆိုတာ ပေါ်လာတယ်... (မှန်ပါ့)။

နို့မို့လို့ရှိရင်ဖြင့် စာက အဝိုင်းရေးထားတယ်လို့ ဖြစ်နေလို့ ရှိရင်ဖြင့် ခန္ဓာစက်လည်တာ မသိဘဲဖြစ်ပါလိမ့်မယ်... (မှန်ပါ့)။

ဒါကြောင့်... ခန္ဓာစက်လည်မှုကို အဓိကထားပြီး သကာလ ခန္ဓာကို ဉာဏ်နဲ့ မမြင်တော့ကို ခန္ဓာထဲမှာ ဖြစ်စဉ်ကို ဒီကနေရေးပြတော့ ဪ... ခန္ဓာဖြစ်တဲ့အခါမှာ ဒီအတိုင်း သိမှသာလျှင် ကိုယ့်ပဋိစ္စသမုပ္ပာဒ် ကိုယ်သိလို့ ကိုယ့်ဒုက္ခသစ္စာ ကိုယ် သိရာရောက်တယ်လို့ မှတ်ထားကြစမ်းပါနော်... (မှန်ပါ့)။

ဒါ တရားကို အဆန်းဟောနေတာလား။ ခန္ဓာဖြစ်စဉ် မသိမှာစိုးလို့ ဒီအဝိုင်းကြီး ပြနေတာလားဆိုတာလည်း အကဲခတ်ကြစမ်းပါဦး။ ဒကာ၊ ဒကာမတွေ ခန္ဓာဖြစ်စဉ် မသိမှာစိုးလို့ ဒီအဝိုင်းကြီးနဲ့ ပြပြီးသကာလ ဟောနေရတယ်ဆိုတာသည် ဒကာ၊ ဒကာမ တို့ ခန္ဓာဖြစ်စဉ် မသိမှာစိုးလို့ဆိုတာ ပေါ်လာကြပလား... (ပေါ်ပါတယ်ဘုရား)။

## သစ္စာမသိတာ အဝိဇ္ဇာ

ကောင်းပြီ။ ဒါဖြင့် မနေ့က ဒကာ၊ ဒကာမတို့ အဝိဇ္ဇာဆိုတာ သစ္စလေးပါးမသိတာလို့ ပြောခဲ့ပြီနော်။

အဝိဇ္ဇာဆိုတာ ဘာပါလိမ့်... (သစ္စာလေးပါး မသိတာပါ)။ သစ္စာလေးပါး မသိတာပါ။

သူ့ဟာသူ သမုဒယသစ္စာလို့ကော အဝိဇ္ဇာက သိရဲ့လား... (မသိပါဘုရား)။

သူ့ဟာသူ သမုဒယသစ္စာလို့ကော အဝိဇ္ဇာက မသိဘူး။ သူရှိနေလို့ရှိရင်ဖြင့် သင်္ခါရတွေ ပြုလုပ်ပြီး ဒုက္ခသစ္စာရလိမ့်မယ်လို့ကော..(မသိပါဘုရား)။ ဘယ်သူက မသိတာပါလိမ့်... (အဝိဇ္ဇာက မသိတာပါဘုရား)။

အဝိဇ္ဇာက သူကိုယ်တိုင် သမုဒယသစ္စာလို့လည်း သူ့ဟာသူ မသိဘူး...(မှန်ပါ့)။ ရှင်းကြပလား...(ရှင်းပါပြီ)။

ခင်ဗျားတို့ သန္တာန် ဒီအဝိဇ္ဇာသာ ဝမ်းထဲမှာ ကိန်းအောင်းနေလို့ရှိရင်ဖြင့် ငါဟာ သမုဒယသစ္စာလို့ အဝိဇ္ဇာက သိရဲ့လား... (မသိပါဘုရား)။

ဩော်...အဝိဇ္ဇာဆိုတာ သမုဒယသစ္စာကို မသိတာဆိုပါတယ်။ ရှင်းကြပလား... (ရှင်းပါပြီ)။

ငါသာ ကြီးစိုးနေရလို့ရှိရင်ဖြင့် အဝိဇ္ဇာရှိတဲ့ ပုဂ္ဂိုလ်သင်္ခါရကုသိုလ် အကုသိုလ်လုပ်မယ်။ လုပ်လို့ရှိရင် ဒီဘက်ဒုက္ခသစ္စာ ရလိမ့်မယ်လို့ကော ဒီအဝိဇ္ဇာက သိရဲ့လား...(မသိပါဘုရား)။

ဒါဖြင့် မဂ္ဂသစ္စာကော သိသေးရဲ့လား...(မသိပါဘုရား)။ ဒုက္ခချုပ်ကြောင်း ကျင့်ကြံမှုသာလျှင် "ဒုက္ခနိရောဓဂါမိနီပဋိပဒါ" ဆိုတာ ရှိတယ်လို့ကော သူသိရဲ့လား...(မသိပါဘုရား)။

ဒါဖြင့် ဒီအဝိဇ္ဇာသည် ဘယ်နှပါး မသိပါလိမ့်...(လေးပါး မသိပါဘုရား)။ ကောင်းပြီ။ ဒါဖြင့် ဒကာ၊ ဒကာမတို့ အဝိဇ္ဇာ၏ မသိချက်က လေးပါးတောင် ဖြစ်နေတော့ အတော်ပြင်းထန်တယ်။ မပြင်းထန်ဘူးလား...(ပြင်းထန်ပါတယ်ဘုရား) ဘယ်နှချက်မသိပါလိမ့် ...(လေးချက်မသိပါဘုရား)။ လေးချက်မသိတာလည်း မှတ်ထားပါတဲ့။

## သစ္စာမသိရင် ပြုချင်သလိုပြု၊ လုပ်ချင်သလို လုပ်မယ်

ကောင်းပြီ။ ဒါဖြင့် မသိတဲ့ ပုဂ္ဂိုလ်ဟာ ပြုချင်သလိုပြု၊ လုပ်ချင်သလို လုပ်လိမ့်မယ်ဆိုပြီးသကာလ လုပ်လိုက်တော့ ကုသိုလ် ပြုပြန်လည်း ဘုံဘဝဆုတောင်းပြန်တယ်။ နှစ်ချက်မလာဘူးလား... (လာပါတယ်ဘုရား)။

ကုသိုလ်လည်း သူမပြုဘူးလား...(ပြုပါတယ်ဘုရား)။ ဘုံဘဝလည်း ဆုမတောင်းဘူးလား...(ဆုတောင်းပါတယ်ဘုရား)။ ဒါဖြင့် ပုညာဘိသင်္ခါရတော့ သူလုပ်တယ်...(မှန်ပါ)။ အပုညာဘိ သင်္ခါရလည်း ဒီအထဲ ရောစွက်လိုက်တယ်ဆိုရင် လွဲပါ့မလား...(မလွဲပါ ဘုရား)။

သူသာရှိနေရင် သခါရတွေလုပ်ပြီး ဒုတိယဘဝ ဒုက္ခသစ္စာ ရလိမ့်မယ်လို့ကော သူသိရဲ့လား...(မသိပါဘုရား)။ ဘယ်နှပါး ရှိသွားတုံး...(နှစ်ပါးပါဘုရား)။ ဒုက္ခချုပ်ကြောင်း လုပ်မှုပဲလို့ကော သူသိရဲ့လား...(မသိပါဘုရား)။

ဒါဖြင့် မဂ္ဂသစ္စာကော သိသေးရဲ့လား...(မသိပါဘုရား)။ ဒုက္ခချုပ်ကြောင်း ကျင့်ကြံမှုသာလျှင် "ဒုက္ခနိရောဓော နိဗ္ဗာန်" ဆိုတာ ရှိတယ်လို့ကော သူသိရဲ့လား...(မသိပါဘုရား)။

ဒါဖြင့် ဒီအဝိဇ္ဇာသည် ဘယ်နှပါး မသိပါလိမ့်...(လေးပါး မသိပါဘုရား)။ ကောင်းပြီ။ ဒါဖြင့် ဒကာ၊ ဒကာမတို့ အဝိဇ္ဇာ၏ မသိချက်က လေးပါးတောင် ဖြစ်နေတော့ အတော်ပြင်းထန်တယ်။ မပြင်းထန်ဘူးလား...(ပြင်းထန်ပါတယ်ဘုရား) ဘယ်နှချက်မသိပါလိမ့် ...(လေးချက်မသိပါဘုရား)။ လေးချက်မသိတာလည်း မှတ်ထား ပါတဲ့။

## သစ္စာမသိရင် ပြုချင်သလိုပြု၊ လုပ်ချင်သလို လုပ်မယ်

ကောင်းပြီ။ ဒါဖြင့် မသိတဲ့ ပုဂ္ဂိုလ်ဟာ ပြုချင်သလိုပြု၊ လုပ်ချင်သလို လုပ်လိမ့်မယ်ဆိုပြီးသကာလ လုပ်လိုက်တော့ ကုသိုလ် ပြုပြန်လည်း ဘုံဘဝဆုတောင်းပြန်တယ်။ နှစ်ချက်မလာဘူးလား... (လာပါတယ်ဘုရား)။

ကုသိုလ်လည်း သူမပြုဘူးလား...(ပြုပါတယ်ဘုရား)။ ဘုံဘဝလည်း ဆုမတောင်းဘူးလား...(ဆုတောင်းပါတယ်ဘုရား)။

ဒါဖြင့် ပုညာဘိသင်္ခါရတော့ သူလုပ်တယ်...(မှန်ပါ့)။ အပုညာဘိသင်္ခါရလည်း ဒီအထဲ ရောစွက်လိုက်တယ်ဆိုရင် လွဲပါ့မလား...(မလွဲပါဘုရား)။

## အဝိဇ္ဇာက ကိလေသာဝဋ်

မလွဲတော့ ဒကာ၊ ဒကာမတွေ ဒီနေ့ အထူးပြုရမှာက ဒကာ၊ ဒကာမတွေ အဝိဇ္ဇာ ဒီမြားကလေးက ပြတော့ ဘာဝဋ်တဲ့တုံး...(ကိလေသ ဝဋ်ပါဘုရား)။

ဩော်...ခင်ဗျားတို့ အဝိဇ္ဇာဟာ ကိလေသဝဋ်ပဲဆိုတာတော့ ပေါ်,မပေါ်...(ပေါ်ပါတယ်)။ သူက ကိလေသာ မဟုတ်ဘူးလား ... (ဟုတ်ပါတယ်ဘုရား)။

ဒါဖြင့် သစ္စာတွေမသိလို့၊ သစ္စာမသိလို့ ကိလေသဝဋ်ကို ဖန်တီးတာလည်း အဝိဇ္ဇာပဲ...(မှန်ပါ့)။ သဘောကျပလား...(ကျပါတယ်)။ ကိလေသဝဋ်ဖြစ်နေတာလည်း ဘယ်သူပါလိမ့်...(အဝိဇ္ဇာပါဘုရား)။ အဝိဇ္ဇာပဲဆိုတာ ပေါ်ပလား...(ပေါ်ပါပြီ)။

မသိတဲ့ ပုဂ္ဂိုလ် အလှူအတန်းပေးပြီးသကာလ ဆုတောင်းနေလို့ရှိရင်လည်းတဲ့။ သင်္ခါရဖြစ်တယ်ဆိုတာ အဝိဇ္ဇာပစ္စယာ သင်္ခါရာက လုံလောက်အောင် ပြနေတယ်။ မပြဘူးလား...(ပြပါတယ်ဘုရား)။

## သင်္ခါရက ကမ္မဝဋ်

ထိုကဲ့သို့ ပြုလာတော့ ဒီသင်္ခါရက ဘာဝဋ်တုံးလို့မေးတော့ ကမ္မဝဋ်ကွ...(မှန်ပါ့)။ ပေါ်ကြပလား...(ပေါ်ပါပြီဘုရား)။ သင်္ခါရက ဘာပါလိမ့်...(ကမ္မဝဋ်ပါဘုရား)။ ကမ္မဝဋ်၊ အဝိဇ္ဇာက ဘာတဲ့လဲ... (ကိလေသဝဋ်ပါဘုရား)။ သင်္ခါရက...(ကမ္မဝဋ်ပါဘုရား)။

ဒါဖြင့် ခင်ဗျားတို့ မသိသောပုဂ္ဂိုလ် အလှူပေးပြီး ဆုတောင်းတာသည် ကိလေသဝဋ်နဲ့ ကမ္မဝဋ်ဖြစ်တယ်...(မှန်ပါ့)။ မပေါ်သေးဘူးလား...(ပေါ်ပါပြီဘုရား)။

ဒကာ၊ ဒကာမတွေ မသိသော ပုဂ္ဂိုလ် လှူဒါန်းပေးကမ်းပြီး ဘုံဘဝ လိုချင်တဲ့ တဏှာလာလို့ရှိရင်ဖြင့် ဘာဝဋ်၊ ဘာဝဋ်ဖြစ်ပါလိမ့်...(ကိလေသဝဋ်နဲ့ ကမ္မဝဋ် ဖြစ်ပါတယ်ဘုရား)။

## ကိလေသဝဋ်နဲ့ ကမ္မဝဋ်

ဩော်...ဒါဖြင့် ဘုန်းကြီးက မသိသလို ဒီ ဒကာ၊ ဒကာမတွေ ပစ်ထားခဲ့လို့ရှိရင်ဖြင့် ကိလေသဝဋ်နဲ့ ကမ္မဝဋ်ပဲ လုပ်နေမှာပဲ... (မှန်ပါ့ဘုရား)။

ဒါက မနေ့က အဓိပ္ပာယ်မဟုတ်ပါဘူး။ ဒါက ဒီနေ့ဖြည့်ပေးတဲ့ အဓိပ္ပာယ်ဆိုတာကော ရှင်းကြပလား...(ရှင်းပါပြီ)။ မသိတာ ဘာပါလိမ့်...(အဝိဇ္ဇာပါဘုရား)။ ဘာကိုမသိတာတုံး...(သစ္စာလေးပါးကို မသိတာပါဘုရား)။

သစ္စာလေးပါး မသိသောကြောင့် သူ့ကို ဘာဝဋ်လို့ခေါ်ကြမလဲ…(ကိလေသဝဋ်ပါဘုရား)။ ပေါ်နေပြီ…(မှန်ပါ)။ မပေါ်သေးဘူးလား…(ပေါ်ပါတယ်ဘုရား)။

မသိတဲ့ပုဂ္ဂိုလ်ဟာ လှူမယ် ဒါန်းမယ် ဘုံဘဝတွေဆုတောင်းမယ်တဲ့။ မတောင်းပေဘူးလား…(တောင်းပါတယ်ဘုရား)။

တောင်းတော့ ကုသိုလ်နဲ့ ဆုတောင်းတော့ မပြည့်သေးဘူးလား၊ ပြည့်မလား…(ပြည့်ပါတယ်)။ ပြည့်တာတော့ ဘုန်းကြီးကမပြည့်ဘူးလို့ မပြောဘူးတဲ့။ သူ့ပင်ကို သဘောရင်းက ဘာဝဋ်ပါလိမ့်…(ကမ္မဝဋ်ပါဘုရား)။ ကဲ…ကောင်းသေးရဲ့လား…(မကောင်းပါဘုရား)။

နောက်က ဒကာ၊ဒကာမတွေ သေသေချာချာ မြင်ကြရဲ့မဟုတ်လား…(မြင်ပါတယ်ဘုရား)။

ခင်ဗျားတို့ လှူဒါန်းပေးကမ်းပြီးသကာလ ဒီဘဝတွေလိုချင်လို့ နတ်ဘဝ၊ ဗြဟ္မာဘဝ လိုချင်လို့ လှူဒါန်းပေးကမ်းတဲ့ပုဂ္ဂိုလ်များမှာဖြင့် ဝဋ်ကျွတ်ချင်လို့ လှူတာမဟုတ်ခဲ့သော် ကိလေသဝဋ်နဲ့ ကမ္မဝဋ်လုပ်တယ်…(မှန်ပါ)။ ပေါ်ပလား…(ပေါ်ပါပြီ)။ ဘာတဲ့တုံး… (ကိလေသဝဋ်နဲ့ ကမ္မဝဋ် လုပ်ပါတယ်ဘုရား)။ တယ်လည်း ဆိုးရွားနေပါကလား…(ဆိုးရွားပါတယ်)။

ဒကာ၊ ဒကာမတွေ ဘယ့်နှယ်ဖြေမတုံး…(ဆိုးရွားပါတယ်ဘုရား)။ နောက်က ဒကာ၊ ဒကာမတွေ ဘယ့်နှယ်ဖြေကြမတုံး…(ဆိုးရွားပါတယ်ဘုရား)။ ခင်ဗျားတို့ကတော့ အလှူပေးနေတယ်။

နောက်ဘဝ ကောင်းစားအောင်၊ သဘောပါကြပလား...(မှန်ပါ့ဘုရား)။

သာခုများခေါ်လိုက်ရတော့မလားလို့ မေးတဲ့အခါကျ တော့မှ ဒါကြည့်လိုက်၊ ဘာဝဋ်တဲ့တုံး...(ကိလေသဝဋ်ပါဘုရား)။

ဒီဘက်ကြည့်လိုက်တော့ အလှူပေးတာက ဘာတဲ့...(ကမ္မဝဋ်ပါဘုရား)။ ဒါဖြင့် သခါရဆိုတာ ဘာဝဋ်ထဲကတုံး...(ကမ္မဝဋ်ထဲကပါ)။

## သာခုခေါ် မမှားစေနဲ့

ကမ္မဝဋ်ထဲကဖြစ်နေတော့ ခင်ဗျားတို့ကလည်း မသိတဲ့ ပုဂ္ဂိုလ်၊ အလှူပေးတော့ကို အမျှ အမျှဆိုတော့ ကိလေသဝဋ်နဲ့ ကမ္မဝဋ်လုပ်တာကို သာခုခေါ်တာ၊ ဘယ့်နှယ်မှတ်ကြမယ်... (ကိလေသဝဋ်နဲ့ ကမ္မဝဋ် လုပ်လိုက်တာကို သာခုခေါ်တာပါဘုရား)။

ကိလေသဝဋ်ဆိုတာလည်း၊ ကိလေသာဆိုတာ ပင်ပန်းအောင် လုပ်တတ်တာ ကိလေသာ၊ သဘောကျပလား...(မှန်ပါ့၊ ကျပါပြီ)။ ကမ္မဝဋ်ဆိုတာသည် "ကမ္မံဝိပါကဿ" ဆိုတော့ ဒုက္ခသစ္စာကို ကျေးဇူးပြုတဲ့တရား...(မှန်ပါ့)။ သဘောကျပလား...(ကျပါပြီ)။ ဒုက္ခသစ္စာကိုး...(ကျေးဇူးပြုတဲ့တရား)။

အဲဒီတော့ ကိလေသဝဋ်၊ ကမ္မဝဋ်သမားကို ခင်ဗျားတို့က ဩော်...တော်လိုက်တာလို့ဆိုမလားတဲ့။ ဒကာ၊ ဒကာမတို့၊ တော်တော် တော်တယ် သူသည် မသိဘဲနဲ့ သစ္စာမသိဘဲနဲ့ အလှူ

ပေးလိုက်တာ တော်သဟော့လို့ဆိုမလား။ ဝဋ်နှစ်ပါးကို တည်ထောင်တာလားလို့မေးရင် ဘယ့်နှယ်ဖြေမလဲ...(ဝဋ်နှစ်ပါးကို တည်ထောင်တာပါဘုရား)။

အဲ...နောက်တော့ ရှင်းလာမယ်နော်...(မှန်ပါ့)။ အခုတော့ မသိတာကို ဖော်ပြနေလို့...(မှန်ပါ့)။ သဘောပါကြပလား...(ပါပါတယ်ဘုရား)။ အလှူပေးတာလား...ဝဋ်နှစ်ပါး တည်ထောင်ထာလား...(ဝဋ်နှစ်ပါး တည်ထောင်တာပါဘုရား) ငြင်းဖို့များ လိုသေးလား...(မလိုပါဘုရား) မလိုတော့ပါဘူး။

ဒါဖြင့် ဒကာ၊ ဒကာမတွေက ညော်...မသိတဲ့ပုဂ္ဂိုလ် အလှူပေးမိမှာ ဘုန်းကြီးက ကြောက်တယ်လို့ဆိုတော့ ဒီဘုန်းကြီး ဘယ်လိုဘုန်းကြီးပါလိမ့်မလဲလို့ ခင်ဗျားတို့ ပြောချင်လည်း ပြောကြမယ်...(မှန်ပါ့) မပြောပေဘူးလား...(မပြောပါဘုရား)။

## မသိတဲ့ပုဂ္ဂိုလ် အလှူပေးမှာကို ကြောက်တယ်

မသိတဲ့ပုဂ္ဂိုလ် အလှူပေးမှာကိုကြောက်တယ်....(မှန်ပါ)၊ ဒကာ၊ ဒကာမတွေ ဘာတဲ့တုံး၊ မသိတဲ့ပုဂ္ဂိုလ် အလှူပေးမှုကို...(ကြောက်တယ်)၊ ဘုန်းကြီးဘယ့်နှယ်ကြောင့် ကြောက်ပါလိမ့်မတုံး...ဆိုတော့ ဒီနှစ်ခု ကြည့်လိုက်၊ ဒီနှစ်ခု ကြည့်လိုက်တော့ ပေါ်ရောပေါ့၊ မပေါ်သေးဘူးလား...(ပေါ်ပါတယ်ဘုရား)။

ဒါက ဘာတဲ့တုံး...(ကိလေသဝဋ်ပါဘုရား)။ ဒါက ဘာတုံး...(ကမ္မဝဋ်ပါဘုရား)။ ဝဋ်ဆိုပါလားဗျ...(မှန်ပါ့ဘုရား)။

ဒကာ၊ ဒကာမတို့ ဘာဆိုသလဲ...(ဝဋ်ပါဘုရား)။ ကိလေသဝဋ်နဲ့ ကမ္မဝဋ် တည်ထောင်တော့ကို ဝိပါကဝဋ် ပြေးလို့လွတ်ပါ့မလား... (မလွတ်ပါဘုရား)။

ဒါဖြင့် ကြောက်တယ်လို့ပြောတဲ့စကား မှားတယ်လား။ ကြောက်ရမှာပဲလား...(ကြောက်ရမှာပါဘုရား)။ ကြောက်ရမှာပဲ ဆိုတာ သေချာမလား...(သေချာပါတယ်)။

ဒါဖြင့် ခင်ဗျားတို့ ဆရာသမားကမှ ပြင်မပေးလို့ရှိရင် ဒီ ကိစ္စဟာဖြင့် ဒီအတိုင်းသွားနေမှာပဲ...(မှန်ပါ့ဘုရား)။

ဒီအတိုင်းသွားမယ်။ နို့ သွားနေတဲ့ ပုဂ္ဂိုလ်ပေါင်း ဘယ်လောက်ရှိသတုံးလို့မေးလို့ ခင်ဗျားတို့ အဖြေထွက်ပါ့မလား။ ဘယ့်နှယ်လဲ...(မရေတွက်နိုင်ပါဘုရား)။ မရေတွက်နိုင်ဘူး။ လုပ်သရွေ့ ဒါချည်းပဲ။ သဘောကျပလား...(မှန်ပါ့)။

## ကိလေသဝဋ်နဲ့ ကမ္မဝဋ် ဘာကြောင့်လုပ်

ဘာဖြစ်လို့ ကိလေသဝဋ်နဲ့ ကမ္မဝဋ် လုပ်ဖြစ်ပါလိမ့်မတုံးလို့ မေးတဲ့အခါကျတော့ ဟောဒီ ဝိပါကဝဋ် ဒုက္ခသစ္စာ မသိလို့လုပ်တာ ...(မှန်ပါ့)။ ဝိပါကဝဋ်က ဘာပါလိမ့်...(ဒုက္ခသစ္စာပါဘုရား)။ ဒုက္ခ ရောက်မှာ သူသိသေးရဲ့လား...(မသိပါဘုရား)။

မသိသောကြောင့် ကိလေသဝဋ်နဲ့ ကမ္မဝဋ် ခင်ဗျားတို့ တည်ထောင်တယ်။ သဘောကျပလား...(ကျပါတယ်)။ ကိလေသဝဋ်နဲ့ ကမ္မဝဋ် တည်ထောင်လို့ ဝိပါကဝဋ် ဒုက္ခသစ္စာတဲ့

အခုခန္ဓာငါးပါးကြီး မရဘူးလား...(ရပါတယ်ဘုရား)၊ ဒါ ဘာသစ္စာတဲ့တုံး...(ဒုက္ခသစ္စာပါဘုရား)။

ဟာ... ဒီ ဒကာ၊ ဒကာမတွေ ကံကောင်းလို့ လူဖြစ်လာတယ်လို့ သူများကတော့ ပြောကြတယ်။ ကံကောင်းလို့ လူဖြစ်လာတယ်ဆိုတော့ ဒီသင်္ခါရဆိုတာ ဟောဒီမြားကလေး ထောက်ကြည့်၊ သူ့အတိုင်းဆက်လာခဲ့တယ်။ ဟော ကမ္မဘဝနဲ့ အတူတူပါပဲတဲ့။ မတူဘူးလား...(တူပါတယ်ဘုရား)။ သင်္ခါရနဲ့ ကမ္မဘဝကို ကြိုးနဲ့တွဲမပြဘူးလား...(ပြပါတယ်ဘုရား)။

အတူတူပဲလို့ ပြောတာ။ သဘောကျပလား...(ကျပါပြီ)။ အဲဒီတော့ အတူတူဆိုလို့ရှိရင် "သင်္ခါရပစ္စယာဝိညာဏံ" နဲ့ ကမ္မဘဝပစ္စယာဇာတိ" နဲ့ အတူတူပဲ...(မှန်ပါ့)။ ပေါ်ကြပြီလား...(ပေါ်ပါပြီ)။

သင်္ခါရပစ္စယာ ဝိညာဏံဆိုတာလည်း ဇာတိပဲ...(မှန်ပါ့)။

ကမ္မဘဝပစ္စယာ ဇာတိဆိုတာကော...(ဇာတိပါပဲဘုရား)။ ဒါဖြင့် ခင်ဗျားတို့ ဇာတိရောက်အောင် လုပ်နေတယ်...(မှန်ပါ့)။ ပေါ်ကြပလား...(ပေါ်ပါပြီဘုရား)။

## ဒုက္ခရှာတာ မတော်ပါဘူး

ဇာတိ ဘာသစ္စာတုံး...(ဒုက္ခသစ္စာပါဘုရား)။

ဩော်...ဒါဖြင့် ကိုယ့်ဒုက္ခ ကိုယ်ရှာနေကြတယ်...(မှန်ပါ့)။ ဒကာ၊ ဒကာမတွေ ဘာတဲ့တုံး...(ကိုယ့်ဒုက္ခ ကိုယ်ရှာနေတာပါဘုရား)။

အသာ အေးအေးနေတာက တော်သေးတယ်။ ဒုက္ခရှာတာတော့ မတော်ပါဘူး...(မှန်ပါ့)။ အေးအေးနေတာက ဘာတုံး...(တော်ပါသေးတယ်)။ ဒုက္ခရှာတာကတော့...(မတော်ပါဘုရား)။

ဘယ့်နှယ်ကြောင့် ဒုက္ခရှာဖြစ်ပါလိမ့်မလဲမေးတော့ သူက ဒုက္ခသစ္စာလို့လည်း မသိဘူး။ သူ့ကိုလည်း ဒုက္ခသစ္စာလို့ သိရဲ့လား ... (မသိပါဘုရား)။

ဒါတွေလည်း ဒုက္ခသစ္စာလို့ကော...(မသိပါဘုရား)။ မသိတော့ သူသည် လှူဒါန်းပေးကမ်းပြီးသကာလ ဆုတောင်းလိုက်တယ်တဲ့။ လူ့ဘဝ၊ နတ်ဘဝ ရရပါလို၏ တောင်းလိုက်တော့ ဒကာ၊ ဒကာမတွေ ဒီဘက်ကို စုတိမနေ သေလွန်တော့ ဒီဘက်ကူးမလာဘူးလား...(လာပါတယ်ဘုရား)။ ကူးလာတော့ ဘာသစ္စာရတုံး...(ဒုက္ခသစ္စာ ရပါတယ်ဘုရား)။

ဒုက္ခသစ္စာရတော့ ဒုက္ခသစ္စာဆိုတာ အကျိုးပေးပဲ...(မှန်ပါ့) သူတို့နှစ်ခုက အကြောင်း၊ ဒီဟာက ဘာပါလိမ့်...(အကျိုးပါဘုရား)။

အကျိုးကို မပြဘူးလား...(ပြပါတယ်ဘုရား)။ ဒါဖြင့် အကျိုး ဘာသစ္စာတုံး...(ဒုက္ခသစ္စာပါဘုရား)။ အဲဒါ သစ္စာမသိဘဲနဲ့ လုပ်ရင် ဒုက္ခသစ္စာရမယ်...(မှန်ပါ့)။ သစ္စာသိပြီး လုပ်လို့ရှိရင် ဒီဒုက္ခလွတ်မယ်...(မှန်ပါ့)။ လှူကြပါ...(မှန်ပါ့)။ သဘောပါပလား...(ပါ,ပါပြီ)။

## သစ္စာသိပြီး လှူပါ

သစ္စာကိုသိပြီး လုပ်ခဲ့လို့ရှိရင် ဒီဒုက္ခ ဘယ့်နှယ်နေမလဲ...(လွတ်ပါ့မယ်ဘုရား)။

ဒီလိုကျတော့ ခင်ဗျားတို့ ခန္ဓာကိုယ် ပေါင် လှူ၊ လှူကောင်းတယ် သဘောပါပလား...(ပါ,ပါပြီဘုရား)။

သစ္စာမသိဘဲနဲ့ လုပ်ခဲ့သော် ဒုက္ခရောက်မယ်...(မှန်ပါ့)။ ရှင်းကြပလား...(ရှင်းပါပြီ) သစ္စာမသိဘဲနဲ့ လုပ်ခဲ့သော်...(ဒုက္ခရောက်ပါမယ်ဘုရား)။

ဘုန်းကြီးက ပြောတာလား။ သခ်ီရပစ္စယာဝိညာဏံက ပြောတာလား...(သခ်ီရပစ္စယာဝိညာဏံက ပြောတာပါဘုရား)။

တစ်နည်း ကမ္မဘဝပစ္စယာ ဇာတိကကော...(ပြောပါတယ်ဘုရား)။

## ဒါန၊ သီလ ပယ်တာမဟုတ် ကြောင်းကျိုးဆက်ပြတာ

ကဲ...ဘုန်းကြီးနဲ့ ဘာဆိုင်သေးသတုံး...(မဆိုင်ပါဘုရား)။ ဘုန်းကြီးနဲ့ ဘာမှမဆိုင်ဘူး။ ဘုန်းကြီးက ဒါနပယ်တာလည်း မဟုတ်ဘူး။ သီလပယ်တာလည်း မဟုတ်ဘူး။ သူ့အကြောင်းနဲ့ သူ့အကျိုးဆက်ပုံပြတာ...(မှန်ပါ့)။

ဘုန်းကြီးနဲ့ ဘာမှမဆိုင်ဘူး။ ဒီဘုန်းကြီးဆိသွား၊ တရားနာရတာပော့။ ကုသိုလ်ပေမယ့် သူက ပယ်နေတယ်ဆိုမလား၊ ကိုယ်က ပယ်နေတယ်ဆိုမလား...(ကိုယ်က ပယ်နေတာပါဘုရား)။ ကိုယ်က

ပယ်နေတဲ့ ဘုန်းကြီးက ပြောပြတာပဲရှိတယ်။ ရိပ်မိပလား...(ရိပ်မိပါပြီ)။

အဲဒီတော့ ဒကာ၊ ဒကာမတို့ သင်္ခါရပစ္စယာဝိညာဏံမလုပ်ကောင်းဘူး။ ဟုတ်လား...(မှန်ပါ့)။ သင်္ခါရ နိရောဓာ ဝိညာဏနိရောဓောလုပ်ကောင်းတယ်...(မှန်ပါ့ဘုရား၊ လုပ်ကောင်းပါတယ်ဘုရား)။

## ဝိပါကဝဋ်က ကျွတ်ရလေအောင်

သင်္ခါရနိရောဓာ...(ဝိညာဏနိရောဓော) မလုပ်ကောင်းဘူးလား...(လုပ်ကောင်းပါတယ်ဘုရား) သင်္ခါရနိရောဓာဆိုတော့ ကမ္မဝဋ် ကျွတ်ပါတယ်...(မှန်ပါ့) မကျွတ်ဘူးလား...(ကျွတ်ပါတယ်ဘုရား)။

ဝိညာဏနိရောဓောဆိုတော့ အကျိုးဝိပါကတွေကော မကျွတ်ဘူးလား...(ကျွတ်ပါတယ်ဘုရား)။ ဝဋ်ကျွတ်ချင်တော့ လုပ်ပါ။ ပေါ်ပလား...(ပေါ်ပါပြီဘုရား)။

အေး...မြန်အောင်ဦးတင် ပေါ်ပလား...(ပေါ်ပါပြီဘုရား)။ အဲ...ပေါ်ရင် သေသေချာချာမှတ်ပါ။ ပေါ်ရင် သေသေချာချာမှတ်ပါ။

## သစ္စာသိပြီးမှ လုပ်ရင် သံသရာပြတ်တယ်၊ ဒုက္ခချုပ်တယ်

ဩော်...ဒါဖြင့် လုပ်နည်းကွာခြားနေလို့ပါလားဆိုတာ ပေါ်သွားတယ်...(မှန်ပါ့)။ သစ္စာမသိဘဲနဲ့လုပ်ရင် သံသရာရှည်သကွ။ ငြင်းဖို့လိုသေးသလား...(မလိုပါဘုရား)။

သစ္စာသိပြီးလုပ်ရင် သံသရာပြတ်သကွ၊ ဒကာ၊ ဒကာမတွေ ငြင်းဖို့လိုသေးသလား...(မလိုပါဘုရား)။ သဘောပါကြပလား... (ပါ,ပါပြီဘုရား)။

အေး... ဒကာ၊ ဒကာမတွေ အိပ်နေလို့ မရဘူး။ သေသေချာချာမှတ်မှ...(မှန်ပါ့ဘုရား)။ သေသေချာချာ မှတ်ပါနော်။ သင်္ခါရပစ္စယာဝိညာဏံဆိုတော့ သမုဒယသစ္စာကြောင့် ဒုက္ခဖြစ်တယ်။ သဘောကျပလား...(မှန်ပါ့ ကျပါပြီဘုရား)။

သမုဒယသစ္စာကြောင့်...(ဒုက္ခဖြစ်ပါတယ်ဘုရား)။

ဒါကြောင့် "သင်္ခါရပစ္စယာဝိညာဏံ၊ သင်္ခါရနိရောဓာ ဝိညာဏနိရောဓော" ဆိုတော့ ဒကာ၊ ဒကာမတို့ သင်္ခါရချုပ်လို့ ဝိညာဏ်ချုပ်တယ်ဆိုတော့ ဒီက မဂ္ဂသစ္စာ ဒီက နိရောဓသစ္စာ သွားဖြစ်တယ်.... (မှန်ပါ့) ပေါ်ပလား...(ပေါ်ပါပြီဘုရား)။

ဒါက စာထဲမှာ မပါဘူး။ ဘုန်းကြီးက ဖြည့်ရတာ... (မှန်ပါ့)။ စာထဲ အကုန်ရေးမယ်ဆိုရင် တစ်ထပ်ကြီးဖြစ်နေမှာပဲ။ စာလုံးကို ပီတော့မှာမဟုတ်ဘူး...(မှန်ပါ့)။ ဖြစ်လမ်းပါ ရေးမယ်ဆိုရင် နော်...(မှန်ပါ့)။

ကဲ...ဒါသဘောပါကြပလား...(ပါ,ပါတယ်ဘုရား)။ ။ ကောင်းပြီ ဒါဖြင့် ဒကာ၊ ဒကာမတို့ မသိတဲ့ပုဂ္ဂိုလ် အလှူပေးခြင်းကြောင့် ဒုက္ခရောက်တယ်။ ပေါ်ပလား...(ပေါ်ပါပြီ) ဒါ ဘယ့်နှယ်ဆိုမယ်...(မသိတဲ့ ပုဂ္ဂိုလ်ပါ) အလှူပေးခြင်းကြောင့်...(ဒုက္ခရောက်ပါတယ်)။

ဒုက္ခရောက်တယ်။ ဒီသစ္စာ ပြန်ရတာပဲ...(မှန်ပါ့)။ ဘာတွေတုံးမေးတော့ မသိတာက အဝိဇ္ဇာ၊ ပြုလုပ်တာက...(သင်္ခါရပါ)။ ရတာက...(ဒုက္ခသစ္စာပါဘုရား)။

ကိုင်း...မသိတဲ့ပုဂ္ဂိုလ် အလှူပေးလိုက်တာက ဘာသစ္စာရသတုံး...(ဒုက္ခသစ္စာရပါတယ်)။ သိတဲ့ပုဂ္ဂိုလ် ပေါ့ဒီ ဒုက္ခသစ္စာကိုလှမ်းသိထားတယ်....(မှန်ပါ့)။ သိတဲ့ပုဂ္ဂိုလ် အလှူပေးလို့ရှိရင်ဖြင့်ဒုက္ခချုပ်တယ်...(မှန်ပါ့)။ ပေါ်ပြီလား...(ပေါ်ပါပြီ) သိတဲ့ပုဂ္ဂိုလ် အလှူပေးရင် ဒုက္ခဘယ့်နှယ်တုံး...(ချုပ်ပါတယ်ဘုရား)။

ဒါဖြင့် ဘယ့်နှယ်လုပ်ကြမတုံး။ ခင်ဗျားတို့ သိပြီးအလှူပေးရင် ဒုက္ခချုပ်တယ်...(မှန်ပါ့)။ မသိဘဲ အလှူပေးရင်ဒုက္ခရမယ်ဆိုတော့ ဝဋ္ဋ၊ ဝိဝဋ္ဋ စာလိုခွဲထားတာပါပဲ။

သို့သော် ဒါက အမြင်ခွဲ၊ ပြောသံကြားခွဲတာလား အမြင်ခွဲတာလား...(အမြင်နဲ့ ခွဲတာပါဘုရား)။ ဒါဖြင့် ဘယ်ဟာကို အတည်ပြုကြမတုံး။ ပြောသံကြားနဲ့ ခွဲတာကို ခင်ဗျားတို့ မယုံနဲ့။

ကိုယ့်သန္တာန်မှာ လူစည်းစိမ်၊ နတ်စည်းစိမ်ကို ဒုက္ခသစ္စာလို့မသိတာက အဝိဇ္ဇာ၊ မသိတော့ လှူမိ၊ တန်းမိ၊ ပေးမိ၊ ကမ်းမိပြီးဆုမတောင်းဘူးလား...(တောင်းပါတယ်ဘုရား)။

တောင်းလိုက်တဲ့အခါ စုတိမနေ သေလွန်တော့ မပြည့်ဘူးလား...(ပြည့်ပါတယ်ဘုရား)။

ခန္ဓာငါးပါး မရဘူးလား...(ရပါတယ်ဘုရား)။

ဘာသစ္စာ ရသတုံး...(ဒုက္ခသစ္စာ ရပါတယ်ဘုရား)။

## လက်ရှိခန္ဓာကို ဝိဇ္ဇာနဲ့ သိပေးပါ

ဒါ မသိတဲ့ပုဂ္ဂိုလ် အလှူပေးလို့ ဒုက္ခရောက်တယ်။ ရှင်းပလား...(ရှင်းပါပြီ)။ ကဲ လက်ရှိခန္ဓာကြီးကို ဝိဇ္ဇာနဲ့ သိပေးစမ်းတဲ့၊ ဘာသစ္စာတုံး...(မဂ္ဂသစ္စာပါ)။

ဟိုဘက်က ဒါဝိဇ္ဇာဖြစ်မသွားသေးဘူးလား...(ဖြစ်ပါတယ်)။ ဒီခန္ဓာကိုယ်ကြီးဟာ ဒုက္ခသစ္စာလို့သိတော့ အဝိဇ္ဇာလား၊ ဝိဇ္ဇာလား...(ဝိဇ္ဇာပါဘုရား)။

ဒါဖြင့် ဒုက္ခကျွတ်ရာ လုပ်ဦးမှပဲဆိုတာ သင်္ခါရ...(မှန်ပါ့)။ သဘောကျပလား...(မှန်ပါ့)။ အဲဒီ သင်္ခါရလုပ်လိုက်တော့ကို ဒကာ၊ ဒကာမတို့...တဲ့။ ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿဝေဒနာဆိုတာ သိတဲ့ပုဂ္ဂိုလ်လုပ်သောကြောင့် ဒုက္ခသစ္စာပေါ်ဦးမလား...(မပေါ်ပါဘုရား)။

ဒါဖြင့် သိတဲ့ပုဂ္ဂိုလ် အလုပ်လုပ်ရင် ဒုက္ခလွတ်တယ်...(မှန်ပါ့)။ ပေါ်ပလား...(ပေါ်ပါပြီ)။ သိတဲ့ပုဂ္ဂိုလ် အလုပ်လုပ်ရင်...(ဒုက္ခလွတ်ပါတယ်)။ ဒုက္ခလွတ်တယ်။ ရှင်းပြီနော်...(ရှင်းပါပြီ)။

နောက် သမုဒယ လာသေးရဲ့လား...(မလာပါဘုရား)။ နောက် ဒုက္ခ...(မလာပါဘုရား)။

## ခန္ဓာဖြစ်စဉ်ပြတဲ့ စက်ဝိုင်းကြီး

ဒါဖြင့် အဝိုင်းကြီးလည်နိုင်သေးရဲ့လား...(မလည်နိုင်ပါဘုရား)။ ရှင်းပလား...(မှန်ပါ့)။ ဒါဖြင့် ဒကာ၊ ဒကာမတို့ သေသေချာချာ ဆရာဘုန်းကြီးက ဆုံးမသွန်သင်ပြီးသကာလ ခန္ဓာထဲက ဖြစ်စဉ်ကိုပြနေတဲ့ စက်ဝိုင်းဆိုတာကော ယုံကြည်ကြပလား...(ယုံကြည်ပါတယ်ဘုရား)။

အဲဒါ တရားမဆုံးဘဲ နေမှာစိုးသောကြောင့် ဒကာ၊ ဒကာမတို့ မသိတဲ့ပုဂ္ဂိုလ် အလှူပေးရင် ဘာရသလဲ...(ဒုက္ခသစ္စာရပါတယ်)။

သိတဲ့ပုဂ္ဂိုလ် ကျင့်ကြံကြိုးကုတ် လှူဒါန်းခြင်းအလုပ် လုပ်ခဲ့သော် ဒုက္ခဘာတုံး...(ဒုက္ခလွတ်ပါတယ်ဘုရား)။

ဒုက္ခလွတ်တယ်ဆိုတာ သိတဲ့ပုဂ္ဂိုလ်ဟာ ခန္ဓာလိုချင်လို့ လုပ်သလား ခန္ဓာကို မလိုချင်လို့ လုပ်သလား...(မလိုချင်လို့ လုပ်တာပါဘုရား)။

ဒါဖြင့် သိတာက ဝိဇ္ဇာ၊ မလိုချင်တာက အလောဘ မဖြစ်သေးဘူးလား...(ဖြစ်ပါတယ်) ဖြစ်တော့ ဒါချည်းလှည့်နေတာ ဒီဝင်ရိုးပဲ...(မှန်ပါ့)။

အဝိဇ္ဇာနဲ့ ဘုံဘဝ တဏှာလှည့်နေတာ ဒါကြီးပဲ။ အဝိုင်းလှည့်နေတာက ဒီမှာ မပေါ်သေးဘူးလား...(ပေါ်ပါတယ်)။ အဝိဇ္ဇာနဲ့ ဘဝတဏှာဟာ ဒါမှာ ဘာထင်ကြသတဲ့...(ဝင်ရိုး) သဘောကျပလား... (ကျပါပြီ)။

အဲဒီတော့ သိတဲ့ပုဂ္ဂိုလ် အလုပ်လုပ်တဲ့အခါကျတော့ ဝင်ရိုးဖြစ်သေးရဲ့လား...(မဖြစ်ပါ)။ ဝင်ရိုးမဖြစ်လို့ရှိရင် လှည့်လို့...(မရပါ)။

ဩော်...ဒါဖြင့် ဒီနေ့တရားသည် ဝင်ရိုးချိုးတဲ့ တရားဆိုတာ ပေါ်ပလား...(ပေါ်ပါပြီ) ဘာတရားပါလိမ့်...(ဝင်ရိုးချိုးတဲ့ တရားပါဘုရား)။

## အာသဝ ဝင်ရိုး ချိုးဖြစ်အောင် ချိုး

ခင်ဗျားတို့ သံသရာလည်နေမှာစိုးလို့ ဝင်ရိုးချိုးပစ်တာ၊ ပေါ်ကြပလား...(ပေါ်ပါပြီဘုရား)။ ခင်ဗျားတို့ သံသရာလည်မှာစိုးလို့၊ ဘာတဲ့...(ဝင်ရိုးချိုးပစ်တာပါဘုရား)။

ဝင်ရိုးချိုးပစ်တာဆိုတော့ သိတာက ဝိဇ္ဇာဆိုတော့ အဝိဇ္ဇာရှိသေးရဲ့လား...(မရှိပါဘုရား) သင်္ခါရက သူပြုလုပ်တတ်တဲ့ တရားတဲ့။ လိုချင်လို့ ပြုလုပ်တာ၊ မလိုချင်တော့ကို အသင်္ခါရဆိုတဲ့ ပြောင်းပြန်ဖြစ်မသွားလားလား...(ဖြစ်သွားပါတယ်ဘုရား)။ ခန္ဓာ မလိုချင်တာပေါ့ဗျာ...(မှန်ပါ့)။ မလိုချင်တာကတော့ အလောဘဆိုတော့ တဏှာက ဘာဖြစ်သွားသလဲ...(အလောဘ ဖြစ်သွားပါတယ်) အဝိဇ္ဇာက ဘာဖြစ်သွားသလဲ...(ဝိဇ္ဇာဖြစ်သွားပါတယ်ဘုရား)။

ဒါဖြင့် ခင်ဗျားတို့ တစ်သံသရာလုံး သံသရာလည်နေတဲ့ ဝင်ရိုးကြီး ယနေ့ကျိုးပြီ...(မှန်ပါ့) အကျိုးဘူးလား...(ကျိုးပါတယ်) သဘောပါကြရဲ့လား...(ပါ,ပါတယ်ဘုရား)။

ကောင်းပြီ။ ဒါဖြင့် ဝင်ရိုးတော့ ကျိုးပြီဘုရား။ ဝင်ရိုးကျိုး လို့ရှိရင်ဖြင့် ဒီဘီးကြီးမှာ ဒကာ၊ ဒကာမတို့ ဒေါက်တွေက တစ်၊ နှစ်၊ သုံး၊ လေးဆိုတော့ ဒေါက်တွေက မပါဘူးလား...(ပါ, ပါတယ် ဘုရား)။

## ပုံတောင်း၊ ဒေါက်၊ သံပတ်ခွေ ဆက်စျိုးပျက်ပေးရမည်

ဝင်ရိုးပေါ်မှာ ဒေါက်မစိုက်ခင် ဟောဒီအနီရစ်ကလေးက ပုံတောင်းလို့ မှတ်လိုက်စမ်းပါ။ ဝင်ရိုးထည့်တဲ့ အပေါက်အရာကြီး ပေါ့ဗျာ...(မှန်ပါ့)။ သဘောကျပလား... (ကျပါပြီ)။

ဒီအနီရစ်က ဘာပါလိမ့်...(ပုံတောင်းပါဘုရား)။ ပုံတောင်း၊ ပုံတောင်း မော်တော်ကားမှာလည်းဗျာ ခင်ဗျားတို့ ဘေးကနေပြီး သကာလ ဘောလ်ဘယ်ယားရင်း ဆိုပြီးသကာလ လှည့်တဲ့နေရာ ပေါ့ဗျာ...(မှန်ပါ့)။ ရိပ်မိပြီလား...(မှန်ပါ့)။

ကောင်းပြီ၊ ဒါဖြင့် ဝင်ရိုးကြီး ဒီပုံတောင်း၊ ပုံတောင်းပေါ်မှ ဒေါက်စိုက်ရတယ်။ သဘောကျပလား... (မှန်ပါ့)။

ဒေါက်ပေါ်မှ တစ်ခါ ဒီကနေပြီးသကာလ တာယာကွပ်တွေ နဲ့ မကွပ်ရဘူးလား...(ကွပ်ရပါတယ်)။ ဒါမှ လိမ့်လို့ဖြစ်မှာကိုးဗျ။ နို့မို့ရင် ဖြစ်နိုင်ပါ့မလား...(မဖြစ်နိုင်ပါ)။ ဒါကြီးက ဒါဖြင့် ဒါက ဘာခေါ်ကြမယ်...(ဝင်ရိုး)။

ဒီဘက်က ဘာပါလိမ့်... (ပုံတောင်း)။

ဒီလေးခုက ဘာပါလိမ့်...(ဒေါက်တွေပါ)။

ဒီအပြာပတ်ကြီးက ဘာပါလိမ့်...(သံပတ်ခွေ) သံပတ်ခွေကြီး။

တစ်နည်း မော်တော်ကားတာယာကြီးပေါ့ဗျာ...(မှန်ပါ့)၊ ရိပ်မိပလား...(ရိပ်မိပါပြီ)။ ဒါဖြင့် ဘီးဖြစ်ပြီလား၊ မဖြစ်သေးဘူးလား...(ဖြစ်ပါပြီဘုရား)။

အဲဒါ ခင်ဗျားတို့ နဂိုက ဒီဘီးကြီးဖြစ်နေတာ...(မှန်ပါ့)။ ပေါ်ကြပလား...(ပေါ်ပါပြီ)။ နဂိုက ဘာဖြစ်နေကြပါလိမ့်...(ဒီဘီးကြီးဖြစ်နေပါတယ်)။ ဘီးကြီးဖြစ်နေတယ်ဆိုတာ ရှင်းကြပလား...(ရှင်းပါပြီ)။

ကိုင်း...ဒါဖြင့် ဝင်ရိုးတော့ဖြင့် သိတဲ့ပုဂ္ဂိုလ် ပြုလုပ်သောကြောင့် သိတဲ့ပုဂ္ဂိုလ်ဟာ ဒုက္ခသစ္စာကို မလိုချင်လို့ ပြုလုပ်တာ...(မှန်ပါ့)။ သဘောကျပလား...(ကျပါပြီဘုရား)။

သိတော့ ဒါက ဘာဖြစ်သွားသတုံး...(ဝိဇ္ဇာဖြစ်ပါတယ်)။ မလိုချင်တော့ ဒါက ဘာဖြစ်သွားသတုံး...(အလောဘ ဖြစ်ပါတယ်)။

အလောဘဖြစ်သွားတော့ ဒကာ၊ ဒကာမတို့ အဝိဇ္ဇာနဲ့ တဏှာမချုပ်ဘူးလား...(ချုပ်ပါတယ်ဘုရား)။

ဒါဖြင့် ဒါအလုပ်လုပ်တဲ့နေရာ မပြောသေးပါဘူး။ လျှုပုံ၊ တန်းပုံ ပြောတုန်းရှိသေးတယ်။ သဘောကျပလား...(ကျပါပြီ)။ အလုပ်လုပ်ပုံကို ပြောပလား၊ လျှုပုံတန်းပုံကို ပြင်ပေးတုန်းပဲလား...(လျှုပုံ၊ တန်းပုံ ပြင်ပေးတုန်းပါဘုရား) ပြင်ပေးတုန်းပဲ ရှိသေးတယ်။

ဒါဖြင့် ဒကာ၊ ဒကာမတို့ အဝိဇ္ဇာနဲ့ တဏှာ မချုပ်သေးဘူးလား၊ ချုပ်သလား...(ချုပ်ပါတယ်)၊ ချုပ်တော့ ဝင်ရိုးကြီးဖြင့် ပျက်

ပဟာ...၊ မဆိုနိုင်ဘူးလား...(ဆိုနိုင်ပါတယ်)။

ဒါကို စာလိုသုံးတော့ အာသဝ ဝင်ရိုးလို့ခေါ်တယ်... (မှန်ပါ့) စာလိုသုံးတော့...(အာသဝ ဝင်ရိုးပါ)။

အဝိဇ္ဇာပုံတောင်းဆိုတာ ရှိသေးတယ်....(မှန်ပါ့)။ အဝိဇ္ဇာက ပုံတောင်းတဲ့။ အာသဝက ဘာတဲ့...(ဝင်ရိုးပါဘုရား)။ အဝိဇ္ဇာက... (ပုံတောင်းပါဘုရား)။

ဒီပုံတောင်းကြီးက ဒကာ၊ ဒကာမတို့ ဝင်ရိုးကျိုးသွားသော် ငြားလည်း ပုံတောင်းပေါ်မှာ ဒေါက်စိုက်လို့ရသေးတယ်...(မှန်ပါ့)။ မရဘူးလား...(ရပါတယ်ဘုရား)။

ပုံတောင်းပေါ်မှာ ဒေါက်စိုက်လို့ရသေးတယ်ဆိုတော့ ပုံတောင်းမဖျက်လို့ရှိရင်လည်း တော်ပါ့မလား...(မတော်ပါ)။ မတော်တော့ ဒီလိုလုပ်လိုက် ဒကာ၊ ဒကာမတို့ ဒါတွေဟာ ဘာသစ္စာ ပါလိမ့်...(ဒုက္ခသစ္စာပါဘုရား)။

ဒုက္ခသစ္စာတွေဆိုတာ ဒီကနေပြီး ဉာဏ်နဲ့ ဝေဒနာပေါ် လည်း ဒုက္ခသစ္စာ ပေါ်တယ်လို့ သိပေးပါ...(မှန်ပါ့)။ ဖဿပေါ်ရင် ကော...(ဒုက္ခသစ္စာလို့ သိပေးပါ)။ ဒုက္ခသစ္စာပေါ်တယ်လို့ မသိရ ပေဘူးလား...(သိရပါတယ်)။ သဠာယတန ပေါ်ရင်ကော...(ဒုက္ခ သစ္စာလို့ သိရပါမယ်)။

ဒါဖြင့် ဒကာ၊ ဒကာမတို့ မသိတာက သိတာဖြစ်မသွား ဘူးလား...(ဖြစ်သွားပါတယ်)။

ဒါဖြင့် အဝိဇ္ဇာတည်းဟူသော ပုံတောင်းကြီးက ဒကာ၊ ဒကာမတို့ သိသွားကတည်းက ဒီပုံတောင်း ရှိသေးရဲ့လား...

(မရှိပါ)။ အာသဝဝင်ရိုးလည်း ကျိုးပြီ သိခြင်းကြောင့် ပုံတောင်းကြီးကော ရှိသေးရဲ့လား...(မရှိပါ)။

ဒါဖြင့် အဝိဇ္ဇာမရှိတဲ့ ပုဂ္ဂိုလ်သည် သင်္ခါရဆိုတဲ့ ဒီဒေါက်တွေ လုပ်ဦးမလား...(မလုပ်ပါဘုရား)။

မလုပ်လို့ရှိရင်ဖြင့် သင်္ခါရဒေါက်တွေဟာ ဘယ့်နှယ်နေသတုံး။ မကျိုးဘူးလား၊ ကျိုးသလား...(ကျိုးပါတယ်)။ သင်္ခါရဒေါက်တွေကျိုးလို့ရှိရင် ဒီအကွပ်ကြီးဟာ ဘယ်သွားကွပ်မလဲ... (မကွပ်နိုင်ပါဘုရား)။ မကွပ်နိုင်လို့ရှိရင် ဇရာမရဏအကွပ်ကြီးဟာ အလိုလိုပြုတ်ကျတယ်...(မှန်ပါ့)။ မကျဘူးလား..(ကျပါတယ်ဘုရား)။

## ဇရာမရဏအကွပ်နဲ့ သွားတွေ့မှာပဲ

ဒါဖြင့် တရားကို သေသေချာချာ မှတ်ကြဦးစို့...(မှန်ပါ့)။ စောစောစီးစီး ပြောတာကိုလည်း မှတ်ပါ။ အာသဝဝင်ရိုး မှတ်မိပြီနော်...(မှတ်မိပါပြီဘုရား)။

အာသဝဝင်ရိုး၊ အဝိဇ္ဇာပုံတောင်း...(မှန်ပါ့)။ သင်္ခါရဒေါက်တွေ...(မှန်ပါ့)။ ရှင်းပလား..(ရှင်းပါပြီ)။ ဇရာမရဏအကွပ်တွေ...(မှန်ပါ့)။ ပေါ်ပလား...(ပေါ်ပါပြီ)။ ပြန်ပြောဦးမယ် တစ်ခေါက်။

အာသဝက ဘာတဲ့...(ဝင်ရိုးပါဘုရား)။ အဝိဇ္ဇာက... (ပုံတောင်းပါ)။ သင်္ခါရတွေ ကမ္မဘဝတွေက ဘာတွေပါလိမ့်... (ဒေါက်တွေပါဘုရား)။ ဒီက အပြာပတ်ကြီးက ဘာပါလိမ့်မတုံးဆို

တော့ ဇရာမရဏာအကွပ်...(မှန်ပါ့)။ ရှင်းပလား...(ရှင်းပါပြီဘုရား)။ ဘာတဲ့တုံး...(ဇရာမရဏာအကွပ်ပါ)။

ဒါဖြင့် ခင်ဗျားတို့ ကုသိုလ်လုပ်လည်း ဇရာမရဏာအကွပ်နဲ့ သွားတွေ့မှာပဲ...(မှန်ပါ့)။ အကုသိုလ်လုပ်လည်း ဇရာမရဏာအကွပ်နဲ့ သွားတွေ့မှာပဲ ဘာကြောင့်တုံးဆိုလို့ရှိရင်ဖြင့်တဲ့...အဝိဇ္ဇာပုံတောင်း ပေါ်မှာ စိုက်ထားတာကိုး...(မှန်ပါ့)။

## အောက်ရောက်လိုက်၊ အထက်ရောက်လိုက်

အာသဝဝင်ရိုးက လှည့်လိုက်တော့ အောက်ရောက်၊ အထက်ရောက်၊ ရောက် မရောက်...(ရောက်ပါတယ်ဘုရား)။ စဉ်းစားမိကြပလား...(မှန်ပါ့၊ စဉ်းစားမိပါတယ်ဘုရား)။

ထိုကဲ့သို့ စဉ်းစားမိတဲ့အခါကျတော့ ဒကာ၊ ဒကာမတွေ သည် အရေးကြီးဆုံးဟာ ဒီဝင်ရိုးလည်း ကျိုးရမယ်။ ဒီပုံတောင်း လည်းမရှိမှ အလည်ရပ်မယ်...(မှန်ပါ့)။ သံသရာအလည် ရပ်မယ်... (မှန်ပါ့)။ သဘောပါကြပလား...(ပါ,ပါပြီဘုရား)။

## သံသရာ အလည်ရပ်အောင်

ဝင်ရိုးလည်းမရှိမှ ပုံတောင်းလည်းမရှိမှ ဘာပါလိမ့်... (သံသရာအလည်ရပ်ပါမယ်)။

ဒေါက်တွေချည်း လည်နိုင်သေးရဲ့လား...(မလည်နိုင်ပါ ဘုရား)။

အပတ်ကြီးကော သူ့ဟာသူ လည်နိုင်သေးရဲ့လား... (မလည်နိုင်ပါဘုရား)။ မြေပေါ်ပုံကျသွားပြီ၊ သဘောပါကြပလား... (ပါ့ပါပြီဘုရား)။

ဒါဖြင့် ဒီအရေးဟာ ဒကာ၊ ဒကာမတို့ သာမညကြီးတဲ့ အရေးလား၊ တစ်သံသရာလုံးမှာ ဒီဝင်ရိုးမကျိုးခဲ့လို့ ပုံတောင်းကြီး မပြတ်ခဲ့လို့ ကျုပ်တို့မှာ လည်နေတာကို ယနေ့သည် ဒကာ၊ ဒကာမတို့ ဝင်ရိုးချိုးပြီးသကာလ ပုံတောင်းဟာ ဖျက်ရတော့မယ်... (မှန်ပါ့)။ သဘောပါကြပလား...(ပါ့ပါတယ်ဘုရား)။ ဝင်ရိုးချိုးပြီး ဘာလုပ်ရမယ်...(ပုံတောင်းဖျက်ရပါမယ်ဘုရား)။

ပုံတောင်းဖျက်ရမယ်ဆိုတော့ တရားကတော့ အင်မတန် နက်သပေါ့ဗျာ။ နက်ပင်နက်ငြားသော်လည်း၊ ပေပြီးနားထောင်ပါ။ တရားစစ်၊ဒါမှ နိဗ္ဗာန်ရောက်မယ်...(မှန်ပါ့ဘုရား)။ သဘောပါပလား ... (ပါ့ပါပြီ)။ နက်တော့ မနက်ဘူးလား...(နက်ပါတယ်)။

သို့သော် ဒီတရားမှ မနာရလို့ရှိရင် သံသရာအလည် ရပ်ပါ့ မလား...(မရပ်ပါဘုရား)။ ဒါဖြင့် ပုံတောင်းကျိုးအောင်လည်းလုပ်၊ ဝင်ရိုးကျိုးအောင်လည်းလုပ်မှ၊ ပုံတောင်းရင်လည်း ပြုတ်ကျအောင် လုပ်ပါမှ နေရာကျမယ်။ သဘောပါကြပလား...(ပါ့ပါပြီ ဘုရား)။

## ရှုရမယ့် ဝိပဿနာအလုပ်ကို ပြမယ်

ကောင်းပြီ။ ဒါဖြင့် ဒကာ၊ ဒကာမတို့ အလုပ်ပြတော့ မယ်နော်။ အလုပ်ပြတော့မယ်ဆိုတော့ ဒကာ၊ ဒကာမတို့ကို...

တဲ့။ ဒီ ပဋိသန္ဓေဝိညာဏ်ဆိုတဲ့ ဉစ္စာသည် လွန်ခဲ့ပြီးသော ကာလဖြစ် သောကြောင့် ဝိပဿနာမရှုပါနဲ့...(မှန်ပါ့)။ ပဋိသန္ဓေစိတ်...(မှန်ပါ့)။ ပဋိသန္ဓေစိတ်ဟာ ပဋိသန္ဓေနေပြီး ချုပ်ခဲ့တကိုး...(မှန်ပါ့ဘုရား)။ ဝိပဿနာရှုတော့ တွေ့သေးရဲ့လား...(မတွေ့ပါဘုရား)။

ဒါဖြင့် သူလည်း ဝိပဿနာ မရှုနဲ့...(မှန်ပါ့)။ ပေါ်ပလား... (ပေါ်ပါပြီ)။ ဒီအခန်းက ဝိပဿနာရှုရမယ့် အခန်းကိုဗျ...(မှန်ပါ့)။ နာမ်ရုပ်လည်း ရှုနိုင်ပါတယ်။ သဠာယတနကကော...(ရှုနိုင်ပါတယ်)။ ဖဿ...(ရှုနိုင်ပါတယ်)။ ဝေဒနာ...(ရှုနိုင်ပါတယ်)။

ရှုနိုင်ပါတယ်ဆိုတော့ နို့...ဒီဝိညာဏ် ဘယ်နှယ်တုံးဘုရား၊ ဒီဝိညာဏ်က သဠာယတနထဲ ပါသွားပြီ...(မှန်ပါ့)။ မပါဘူးလား... (ပါ,ပါတယ်ဘုရား)။

မနာယတနဆိုတာ ဒီထဲ မပါဘူးလား...(ပါ,ပါတယ် ဘုရား)။ စက္ခာယတန၊ သောတာယတန၊ ဃာနာယတန၊ ဇိဝှာ ယတန၊ ကာယာယတန၊ မနာယတနဆိုပြီး ခြောက်ခုကိုးဗျ။ ဒီအထဲ စိတ်က ပါပြီးသားဖြစ်နေတယ်...(မှန်ပါ့)။ သူက ပဋိသန္ဓေစိတ်မို့ ဘုန်းကြီးက ဖြုတ်ခဲ့တယ်... (မှန်ပါ့)။

အဲဒီတော့ ဒီလေးခုကို ပေါင်းလိုက်လို့ရှိရင် ခန္ဓာငါးပါး မစုံဘူးလား...(စုံပါတယ်ဘုရား)။ နာမ်က နာမက္ခန္ဓာ၊ ရုပ်က ရူပက္ခန္ဓာ၊ သဘောကျပလား...(မှန်ပါ့)။

သဠာယတနမှာလည်း ငါးခုက ရူပခန္ဓာ၊ တစ်ခုက ဝိညာဏက္ခန္ဓာ...(မှန်ပါ့)။ သဘောကျပလား...(ကျပါပြီဘုရား)။ ဖဿက သင်္ခါရက္ခန္ဓာ၊ ဝေဒနာက ဝေဒနာက္ခန္ဓာ၊ မရှင်းသေးဘူး

လား...(ရှင်းပါပြီ)။ ပေါင်းလိုက်တော့ ဒီလေးခု ပေါင်းရင် ခန္ဓာ ဘယ်နှစ်ပါး ရသတုံး...(ငါးပါးရပါတယ်ဘုရား)။ ပေါ်ကြပြီ...(ပေါ်ပါပြီဘုရား)။

## ခန္ဓာငါးပါးကို သတိပဋ္ဌာန်သွင်းရင် သတိပဋ္ဌာန်လေးပါး ရတယ်

ခန္ဓာငါးပါးပဲရတယ်။ ခန္ဓာငါးပါးကို ဒကာ၊ ဒကာမတို့ သတိပဋ္ဌာန်ထဲ သွင်းလိုက်တဲ့အခါကျတော့ သတိပဋ္ဌာန်လေးပါး ဖြစ်သွားတယ်။

ခန္ဓာငါးပါး သတိပဋ္ဌာန်ထဲ သွင်းလိုက်တော့ ဘယ်နှစ်ပါး ဖြစ်သွားတုန်း...(လေးပါးဖြစ်သွားပါတယ်)။ ရှင်းသွားပြီ၊ သတိပဋ္ဌာန် လေးပါးကို ချုံးလိုက်ပြန်တော့ သတိပဋ္ဌာန်ကလည်း လေးပါးရှိငြားသော်လည်း နာမ်နဲ့ရုပ်ဖြစ်တယ်။ လေးပါးချုံးလိုက်တော့ ဘာရသွားတုံး...(နာမ်ရုပ်ဖြစ်သွားပါတယ်)။ ပေါ်ကြပလား...(မှန်ပါ့)။ အဲဒီ နာမ်ရုပ်ကလည်း တစ်ခါချုံးလိုက်ပါဦးတဲ့။

## နာမ်နဲ့ရုပ်မှာ ဖြစ်ပျက်ပဲရှိတယ်

ဒကာ၊ ဒကာမတို့ နာမ်ရုပ်ကို ချုံးလိုက်ပါဦး။ နာမ်မှာ ရှိတော့လည်း ဖြစ်ပျက်ပဲရှိတယ်...(မှန်ပါ့)။

ရုပ်မှာရှိတော့ကော...(ဖြစ်ပျက်ပဲ ရှိပါတယ်)။

ဒါဖြင့် ဖြစ်ပျက်တစ်လုံးတည်းရှု...(မှန်ပါ့)။ ပေါ်ပလား... (ပေါ်ပါပြီ)။ ချုံးလိုက်တော့ ဘာတစ်လုံးတည်းတုံး...(ဖြစ်ပျက် တစ်လုံးတည်းရှိပါတယ်)။ ဖြစ်ပျက်တစ်လုံးတည်း ရှုဆိုတော့ ခင်ဗျား တို့ မြင်မှာ ဒီဖြစ်ပျက်ပဲ မြင်မယ်...(မှန်ပါ့)။

နာမ်ကြည့်လည်း ဖြစ်ပျက်တွေ့မှာပဲ...(မှန်ပါ့)။ ရုပ်ကြည့် ကော...(ဖြစ်ပျက်ပဲ မြင်ပါတယ်)။ ဝေဒနာကြည့်ကော...(ဖြစ်ပျက်ပဲ မြင်ပါတယ်)။ ဖဿကြည့်ကော...(ဖြစ်ပျက်ပဲ မြင်ပါတယ်)။

## နိဗ္ဗာန်သွားမယ့်တရား ဖြစ်ပျက်မြင်အောင်ရှုတဲ့ တရား

ဒါဖြင့် ဒကာ၊ ဒကာမတို့ တပည့်တော်တို့ နိဗ္ဗာန်သွားမယ့် တရား ဘယ်တရားပါလိမ့်မတုံးဆိုတော့ ဖြစ်ပျက်မြင်အောင်ရှုတဲ့ တရား...(မှန်ပါ့)။

ဟော့... ဆရာထွန်းကြီးကို ခုမှမြင်တယ်။ ရိပ်မိပလား... (တင်ပါ့, လာပါတယ်ဘုရား)။ အေး...(မနေ့ကလည်း လာပါတယ် ဘုရား)။ မနေ့ကလည်း လာပါတယ်...(မှန်ပါ့)။

ကောင်းပြီ။ ဒါဖြင့် ဒကာ၊ ဒကာမတို့ ချုံးလိုက်တော့ ဖြစ်ပျက်ပဲ ကျန်တော့တယ်။ သဘောကျပလား...(ကျပါပြီ) ကိုင်း... ဒါဖြင့် ခင်ဗျားတို့ ဖြစ်ပျက်ကျန်တော့တယ်ဆိုတာ သိတော့ တို့ဟာ ဖြစ်ပျက်ရှုဖို့ပဲ...(မှန်ပါ့)။ ပေါ်ကြပလား...(ပေါ်ပါပြီ)။ ဘာရှုကြမလဲ ...(ဖြစ်ပျက်ရှုရမှာပေါ့)။ ရုပ်ရှုရမှာလား၊ ဖြစ်ပျက်ရှုရမှာလား... (ဖြစ်ပျက်ရှုရမှာပါဘုရား)။

နာမ်ရှုရမှာလား၊ ဖြစ်ပျက်ရှုရမှာလား...(ဖြစ်ပျက်ရှုရမှာပါ)။ ဝေဒနာရှုရမှာလား၊ ဖြစ်ပျက်ရှုရမှာလား...(ဖြစ်ပျက်ရှုရမှာပါ)။

ဒါက ဘယ်မှာဟောပါလိမ့်မတုံးမေးတော့ ခင်ဗျားတို့ သတိပဋ္ဌာန်သာ သွားကြည့်။ သမုဒယဓမ္မာနုပဿီဝါ။ ဖြစ်တာ ရှုကွ၊ ဝယဓမ္မာနုသဿီဝါ၊ ပျက်တာရှုကွ၊ ကဲ...ဝေဒနာ နောက်ဆုံးပိတ် နိဂုံးချုပ်တော့ ဒါပဲလာတာပဲ၊ စိတ္တာနုပဿနာ နိဂုံးချုပ်လိုက်တော့ သမုဒယဓမ္မာနုပဿီဝါ မလာဘူးလား၊ ဝယဓမ္မာနုပဿီဝါ မလာဘူး လား...(လာပါတယ်ဘုရား)။

## ရှုရမှာက ဖြစ်ပျက်

ဘာအရှိုင်းသတုံး...(ဖြစ်ပျက် အရှိုင်းပါတယ်ဘုရား)။ ဒါဖြင့် ဝေဒနာမရှုပါနဲ့။ ဖြစ်ပျက်ရှု...(မှန်ပါ့)။ စိတ် မရှုနဲ့...(ဖြစ်ပျက် ရှု)။ ရုပ်မရှုနဲ့...(ဖြစ်ပျက်ရှုရပါမယ်)။ သဘောပါကြပလား...(ပါ,ပါ ပြီ)။

ဒါဖြင့် ရုပ်တွေ့နေသေးလို့ရှိရင် ဝေဒနာတွေ့နေသေးလို့ ရှိရင် နာမပရိစ္ဆေဒဉာဏ်၊ ရူပပရိစ္ဆေဒဉာဏ် သွားဖြစ်တယ်...(မှန်ပါ့)။

ဖြစ်ပျက်တွေ့မှသာလျှင် သမ္မသန၊ ဉဒယဗ္ဗယဖြစ်ပါတယ်... (မှန်ပါ့)။ ပေါ်ကြပလား...(ပေါ်ပါပြီ)။

ကြပ်ကြပ် နားကြီးကြီးနဲ့ထောင်ပါ။

ရုပ်တွေ့နေရင် ရူပပရိစ္ဆေဒဉာဏ်...(မှန်ပါ့)။

နာမ်တွေ့နေရင်...(နာမပရိစ္ဆေဒဉာဏ်)။

ဖြစ်ပျက်တွေ့နေရင် သမ္မသန၊ ဥဒယဗ္ဗယ...(မှန်ပါ့)၊ မကွာဘူးလား...(ကွာပါတယ်ဘုရား)။

ဖြစ်ပျက်တွေ့ရင်...(သမ္မသနနဲ့ ဥဒယဗ္ဗယပါဘုရား)။ သမ္မသနနဲ့ ဥဒယဗ္ဗယဉာဏ်ဆိုရင် လွဲပါ့မလား...(မလွဲပါဘုရား)။

ဒါဖြင့် အဲဒီဉာဏ်ကမှ ဝိပဿနာဉာဏ်အစ မဟုတ်ဘူးလား ...(မှန်ပါ့ဘုရား)။ ဒါဖြင့် ဝိပဿနာ စကြစို့။ ဝိပဿနာ စတော့မယ် ဒကာ၊ ဒကာမတို့၊ ဝိပဿနာကို ဘယ်နေရာမှာ ဘုရားသခင်ကိုယ်တော်မြတ်ကြီး ဟောခဲ့လိမ့်မလဲလို့ မေးတော့ မနေ့က ရှင်းခဲ့ပြီနော်... (မှန်ပါ့)။

## ဝိပဿနာရှုဆိုတာ ဟေိပဿိကောခေါ်ရာ သန္ဒိဋ္ဌိကောနဲ့လိုက်

ဝိပဿနာဆိုတာ ဟေိပဿိကော ခေါ်ရာကို သန္ဒိဋ္ဌိကောနဲ့လိုက်၊ မနေ့က မသင်ခဲ့ဘူးလား...(သင်ခဲ့ပါတယ်ဘုရား)။ ဘာတဲ့တုံး...(ဟေိပဿိကော ခေါ်ရာကို သန္ဒိဋ္ဌိကောနဲ့ လိုက်ရပါမယ်ဘုရား)။

ဆရာထွန်းကြီး ပေါ်ပလား...(မှန်ပါ့ဘုရား)၊ ဟေိပဿိကော ခေါ်ရာကို သန္ဒိဋ္ဌိကောနဲ့ လိုက်ရမယ်၊ ဟေိပဿိကောဆိုတာ ဖြစ်၊ ပျက် တရားကို ခေါ်ပါတယ်...(မှန်ပါ့)။ သန္ဒိဋ္ဌိကောဆိုတဲ့ သာမံပဿိတဗ္ဗောဆိုသောကြောင့် ဉာဏ်နဲ့လိုက်ပါ...(မှန်ပါ့)။ မလာဘူးလား... (လာပါတယ်ဘုရား) ကောင်းပြီ။

ဒါဖြင့် ဖြစ်ပြီးပျက်တဲ့ တရားက ဟေ၊ လာခဲ့ပါ၊ ပဿ ကျုပ်ဟာ ဘာဖြစ်နေတယ်ကြည့်စမ်းပါ။ မခေါ်ဘူးလား...(ခေါ်ပါတယ် ဘုရား)။

အဲဒါ ဒကာ၊ ဒကာမတွေက သန္တိဋ္ဌိကောနဲ့ လိုက်...လိုက်၊ သာမံပဿိတဗ္ဗော၊ ကိုယ်တိုင်မြင်အောင် ကြည့်မဟော့...(မှန်ပါ့)၊ သဘောကျပလား...(ကျပါပြီ)။ သန္တိဋ္ဌိကောဆိုတာ ဘာလဲ... (ကိုယ်တိုင်မြင်အောင်ကြည့်ရမှာပါ)၊ ဘယ်နေရာမှာ ကြည့်ရမှာတုံး ဆိုတော့ ခေါ်ရာကြည့်...(မှန်ပါ့)။

ဒကာ၊ဒကာမတို့ ဘာတဲ့တုံး...(ခေါ်ရာကြည့်ရမှာပါဘုရား)။ ဘယ်သူက ခေါ်ပါလိမ့်ဗျာ...(ဟေပဿိကောကပါ)။ ဟေပဿိကော ဆိုတော့ ရုပ်မှာလည်း ဟေပဿိကောရှိတာပဲ...(မှန်ပါ့)။ နာမ်မှာ ကော...(ရှိပါတယ်ဘုရား)။

ဒါဖြင့် ဟေ- လာခဲ့ပါ၊ ပဿ-ရှုပါလို့ဆိုတာ ရုပ်နာမ်က ခေါ်နေတာ...(မှန်ပါ့)။ သဘောကျပလား...(ကျပါပြီ)။ ဟေပဿိ ကောဆိုတာ ဘယ်သူက ခေါ်တာပါလိမ့်...(ရုပ်နာမ်က ခေါ်ပါတယ် ဘုရား)။

ရုပ်နာမ်က ခေါ်တော့ ခေါ်တာပဲတဲ့။ သူခေါ်ပုံက ကျုပ် ဘယ်လိုဖြစ်နေတယ်။ ကျုပ် ဘယ်လိုပျက်နေတယ်ဆိုတာ လာကြည့် ပါလို့ ခေါ်တာ။ ပေါ်ကြပလား... (ပေါ်ပါပြီဘုရား)။

ကျုပ် ဘယ်လိုဖြစ်နေတယ်၊ ကျုပ်ဘယ်လို ပျက်နေတယ် ဆိုတာ လာကြည့်ပါဆိုတော့ ခင်ဗျားတို့က ဘာနဲ့သွားကြည့်ရမလဲ ...(သန္တိဋ္ဌိကောနဲ့ သွားကြည့်ရပါမယ်ဘုရား)။

နောက်က ဒကာ၊ ဒကာမတွေ...(သန္တိဋ္ဌိကောနဲ့ သွားကြည့်ရပါမယ်)။ ဒါဖြင့် သန္ဒိဋ္ဌိကောကို ဒကာ၊ ဒကာမတွေက ဒီအကွက်ကြားမှာ ထားပါ။ ဟေ်ပသိကောက ဒီအကွက်မှာထားပါ။ ရှင်းပလား...(ရှင်းပါပြီ)။ သန္ဒိဋ္ဌိကောက ဟောဒီမြားကလေးအပေါ်မှာ ထားပါ။

ဟေ်ပသိကောက တစ်၊ နှစ်၊ သုံး၊ လေးမှာ ကြိုက်တဲ့နေရာရှုပါ၊ ပေါ်ကြပလား...(ပေါ်ပါပြီ)။ စိတ်ကြိုက် စိတ်ရှု...(မှန်ပါ့)။ ဝေဒနာကြိုက်ရင်...(ဝေဒနာရှုပါ)။

ရှုရင် သူတို့က ဘယ်လိုခေါ်မယ်ထင်သတုံး...(ဟေ်ပသိကောပါဘုရား)။ ဟေ်- လာခဲ့ပါ။ ပဿ- ရှုပါ။ မခေါ်ဘူးလား...(ခေါ်ပါတယ်ဘုရား)။ ခေါ်တော့ ဒီအပေါ်ကနေပြီး သန္ဒိဋ္ဌိကော သာမံပဿိတဗ္ဗော၊ ကိုယ်တိုင်မြင်အောင် လိုက်လိုက်စမ်းပါ...(မှန်ပါ့)။ ခေါ်ရာလိုက်၊ သဘောကျပလား...(ကျပါပြီ)။ ခေါ်တာက ကျုပ်ဒုက္ခရောက်နေတယ်။ လာကြည့်ပါဦးလို့ ခေါ်တာ...(မှန်ပါ့)။ ပေါ်ကြပလား...(ပေါ်ပါပြီဘုရား)။

## ဖြစ်ပြီး ပျက်တာ ဒုက္ခသစ္စာ

သူတို့ဖြစ်ပျက်တာ ဘာသစ္စာတုံး...(ဒုက္ခသစ္စာပါဘုရား)။ ကျုပ် ဒုက္ခရောက်နေတယ်။ လာကြည့်ပါဦးဆိုတော့ ခင်ဗျားတို့ဉာဏ်နဲ့သွားကြည့်...(မှန်ပါ့)။ သဘောကျပလား...(ကျပါပြီ)။

ဒုက္ခရောက်လို့ခေါ်တာကို ဉာဏ်နဲ့သွားကြည့်စမ်းပါ... (မှန်ပါ့)။ ကြည့်တော့ ဘာသစ္စာမြင်ရသတုံး...(ဒုက္ခသစ္စာမြင်ရလိမ့်မယ်)။ ကြည့်တတ်တဲ့ဉာဏ်က ဘာသစ္စာတုံး...(မဂ္ဂသစ္စာပါဘုရား)။

ဩော်...ဒုက္ခမဂ္ဂနဲ့၊ ဒုက္ခက ခေါ်ရာကို မဂ္ဂက လိုက်ပါ ပြောတာ...(မှန်ပါ့)။ သဘောပါကြပလား...(ပါပါပြီ)။ ဒုက္ခက ခေါ်တာကို...(မဂ္ဂက လိုက်ပါ)။

ဒါဖြင့် ဒုက္ခသစ္စာက မဂ္ဂသစ္စာဖြစ်သွားတယ်...(မှန်ပါ့)။ မဖြစ်သေးဘူးလား...(ဖြစ်ပါတယ်)။ ခေါ်တာက ဘာသစ္စာတုံး... (ဒုက္ခသစ္စာပါ) လိုက်တာက...(မဂ္ဂသစ္စာပါဘုရား)။

ကဲ...ဒါဖြင့် မဂ်ဟာ ဆုတောင်းအလုပ်လား၊ လိုက်ရမည့် အလုပ်လား...(လိုက်ရမည့် အလုပ်ပါဘုရား)။ အဲဒါကို စာလိုသုံး တော့ ပွားများရမည့်အလုပ်ဆိုပြီး ခေါ်လိုက်ပါတယ်...(မှန်ပါ့)။ ရှင်း ကြပလား...(ရှင်းပါပြီ)။

ဒါဖြင့် ဒကာ၊ ဒကာမတို့ ဟောပသိကော သဘောကျ ပလား...(ကျပါပြီ)။ တစ်နေ့ ဘယ်နှစ်ကြိမ်ခေါ်မလဲ...(အကြိမ်ပေါင်း မရေတွက်နိုင်ပါဘုရား)။ အကြိမ်များစွာ ခေါ်မယ်နော်...(မှန်ပါ့)။ လိုက်တော့ ဘာနဲ့လိုက်ရမယ်...(မဂ်နဲ့လိုက်ရပါမယ်)။ သန္တိဋ္ဌိကော ဆိုတော့ မဂ်နဲ့လိုက်ပါ...(မှန်ပါ့ဘုရား)။

## ခေါ်တိုင်းလိုက်တာ ဝိပဿနာအလုပ်ပါ

ဘယ်နှစ်ကြိမ် လိုက်ရမှာပါလိမ့်...(မရေတွက်နိုင်အောင် လိုက်ရမှာပါ)။ ခေါ်တိုင်းလိုက်ပါ၊ ခေါ်တိုင်းလိုက်တာ ဝိပဿနာ... (မှန်ပါ့)။ ပေါ်ကြပလား...(ပေါ်ပါပြီ)။

ခေါ်တိုင်းလိုက်တာ...(ဝိပဿနာပါ)။ ရှင်းပလား...(မှန်ပါ့)။

ဝိပဿနာဆိုတာ ဘာပါလိမ့်...(ခေါ်တိုင်းလိုက်တာပါ)၊ ဟေိပဿိကော ခေါ်ရာကို သန္တိဋ္ဌိကောနဲ့ လိုက်နေရင် ဒါဝိပဿနာပဲ ...(မှန်ပါ့)။ ပေါ်ကြပလား...(ပေါ်ပါပြီဘုရား)။

ဟ...ဘုန်းကြီးက ဆန်းလှချည့်ကလားလို့ ဒကာ၊ ဒကာမ တွေက ဆိုချင်သလား၊ ပါဠိတော်ပဲလား...(ပါဠိတော်ပါဘုရား)။ မဆန်းပါဘူး ဒကာ၊ ဒကာမတို့ ဆန်းဟောရင် ဘုန်းကြီးအပါယ် ရောက်မှာပေါ့...(မှန်ပါ့)။ မသိတာ ဖော်ပြောနေတယ်လို့ မှတ်ပါ... (မှန်ပါ့ဘုရား)။ ဘယ်လိုမှတ်ကြမလဲ...(မသိတာ ဖော်ပြောနေပါ တယ်ဘုရား)။

မသိတာ ဖော်ပြောနေတော့ ခင်ဗျားတို့က ဟေိပဿိကော ဆိုပြီးသကာလ ဘယ်နေရာမှာ သွားပြီး အသုံးချပါလိမ့်မလဲ မေးတယ်နော်၊ သန္တိဋ္ဌိကောလို့လည်း ခင်ဗျားတို့ ပါးစပ်က မရွတ် ဘူးလား... (ရွတ်ပါတယ်ဘုရား)။

ဘယ်နေရာမှာ သွားရွတ်ပါလိမ့်မလဲလို့ မေးဖို့မလိုဘူးလား ...(လိုပါတယ်ဘုရား)။ ဘုရားရှေ့မှာ သွားရွတ်တယ်၊ ခန္ဓာကိုယ် ခေါ်ရာကို လိုက်ပါလို့ဆိုတဲ့ ဥစ္စာ ဘုရားဆီ သွားနေတယ်...(မှန်ပါ့)။

မလွဲဘူးလား လွဲသလား...(လွဲပါတယ်)၊ ဟေ့ပသသီကော ဟေ့-လာခဲ့ပါ၊ ပသသ-ရှုပါဆိုတာ ခန္ဓာကခေါ်တာမဟုတ်လား...(မှန်ပါ့)။ ခန္ဓာခေါ်ရာကို ကိုယ့်ဉာဏ်က မလိုက်ပေဘူးလား...(လိုက်ပါတယ်ဘုရား)။

ဒါဖြင့် ခန္ဓာခေါ်ရာကို ကိုယ့်ဉာဏ်နဲ့လိုက်ရမှာ ဘုရားရှေ့သွားပြီး ခင်ဗျားတို့က ဘုရားရှိခိုးတယ်။ တရားရှိခိုးလုပ်နေတယ်။ လုပ်ကြဘူးလား...(လုပ်ပါတယ်ဘုရား)။

ရှိခိုးရမှာတဲ့လား...သူ့အဓိပ္ပာယ်ကို ကြည့်ပါ။ ဟေ့-လာလှည့်ပါ။ ပသသ- ရှုပါ သူ့အဓိပ္ပာယ်က မခေါ်ဘူးလား...(ခေါ်ပါတယ်ဘုရား)။

ဆရာထွန်း...(မှန်ပါ့) ဘုရားရှိခိုးမှာတဲ့လား၊ ဟေ့- လာခဲ့ပါ။ ပသသ - ရှုပါလို့ ခေါ်သလား...(လာပါ...ရှုပါလို့ခေါ်ပါတယ်)။

ငါ...ရှိခိုးလို့ဆိုသလား...မင်းခန္ဓာ မင်းတို့ရှုလို့ပြောလား ...(မင်းတို့ခန္ဓာ မင်းတို့ရှုလို့ ပြောတာပါဘုရား)။

နို့ ဘာဖြစ်လို့ ခင်ဗျားတို့က ဘုရားရှိခိုးနေတုံး။ အို... လူကြီးတွေက ဒီလိုပဲဘုရာ့၊ လူကြီးတွေ ကိုင်ပေါက်မှာပဲ။ ခင်ဗျားတို့ မပေါက်ပေဘူးလား။ ပေါက်မယ်လား...(ပေါက်ပါမယ်ဘုရား)။

## သမထနဲ့ ဝိပဿနာ ဘယ်ဟာဦးစားပေးမလဲ

အဲဒီတော့ ဒကာ၊ ဒကာမတွေ ဘုန်းကြီးက ဘုရားပယ်တယ်လို့ မယူလိုက်နဲ့နော်။ ဘုရားရှိခိုးရင် သမထ၊ ခေါ်ရာလိုက်

ရင် ဝိပဿနာ...(မှန်ပါ့) ကွဲကြပလား...(ကွဲပါပြီဘုရား)။

ဘုရားရှိခိုးရင်...(သမထပါဘုရား)။ ဒါတွေရွတ်ပြီး ရှိခိုးနေရင်...(သမထပါဘုရား)၊ သမထ ဘာတုံးမေးတော့ ဗုဒ္ဓါနုဿတိ၊ ဘာပါလိမ့်...(မေ္မနုဿတိပါဘုရား)၊ ကဲ...အနုဿတိဆိုကတည်းက သမထလား၊ ဝိပဿနာလား...(သမထပါဘုရား)။

ဟော့...ဆရာထွန်းကြီး...(သမထပါဘုရား)၊ သမထဆိုတာ သေချာပလား...(သေချာပါပြီ)။

ဒါဖြင့် ဘုရားရှေ့သွားပြီး ခင်ဗျားတို့က တောင်းတော့ နိဗ္ဗာန်ဟုတ်လား၊ ရွတ်တော့ သမထဆိုတော့ ကိုက်ပါဦးမလား...(မကိုက်ပါဘုရား)။ လိုချင်တာက ဘာတုံး...(နိဗ္ဗာန်ပါဘုရား)။

အင်း...အလုပ်နဲ့ပြပြီးသကာလ အလုပ်လုပ်နေတာက ဘာပါလိမ့်...(သမထပါ)။ အလုပ်က သမထ၊ ရချင်တာက ဝိပဿနာ၏ အကျိုးကျေးဇူးနိဗ္ဗာန်...(နိဗ္ဗာန်ပါ)။ ကိုက်ပါ့မလား...(မကိုက်ပါဘုရား)။

ဒါဖြင့် ခင်ဗျားတို့ ဘုရားရှေ့ ကန့်လန့်သွားလုပ်နေတာ၊ ကဲ...ဒကာ၊ ဒကာမတို့ ရိပ်မိကြပလား...(မှန်ပါ့)။ ကန့်လန့်လုပ်တာလို့ဆိုတာ သဘောပါရဲ့လား...(ပါ,ပါတယ်ဘုရား)။

အခု ဘုရားရှိခိုးအဆုံးသွားကြည့် နိဗ္ဗာန် ရ,ရပါလို၏ မပါဘူးလား...(ပါ.ပါတယ်ဘုရား)။ သူတို့လုပ်နေတာက နိဗ္ဗာန်ပဲလား၊ သမထပဲလား...(သမထပါ)။ သမထက နိဗ္ဗာန်ရောက်ပါရဲ့လား...(မရောက်ပါဘုရား)။

ဝေးသောအကြောင်းသာဖြစ်တယ် ဆရာထွန်း။ နီးသော အကြောင်းဖြစ်ပါ့မလား...(မဖြစ်ပါဘုရား)။ သေချာပလား...(သေချာ ပါတယ်ဘုရား)။

## ဘယ်ဟာက မြတ်သလဲ

ဒါဖြင့် ဒကာ၊ ဒကာမတို့ ဘုရားရှိခိုးပြီးသကာလ အချိန် ကုန်ရတာနဲ့ ဟေ်ပသိကော ခေါ်ရာကို သန္နိဋ္ဌာနကောနဲ့ လိုက်ရတာနဲ့ ဘယ်ဟာက မြတ်သတုံး...(သန္နိဋ္ဌာနကောနဲ့ လိုက်ရတာက မြတ်ပါ တယ်)၊ ခေါ်ရာလိုက်ရတာက မြတ်တယ်နော်...(မှန်ပါ့)။

ကိုင်း...ဒါဖြင့် ခင်ဗျားတို့ ခန္ဓာကိုယ်ထဲမှာ ခေါ်ရာလိုက်နေ ...(မှန်ပါ့)၊ ရှင်းပလား...(ရှင်းပါပြီ)၊ လောဘစိတ်က ခေါ်လို့ရှိရင် လည်း လောဘစိတ်နောက် သန္နိဋ္ဌာနကောနဲ့ လိုက်၊ ဉာဏ်နဲ့လိုက်ပေး ...(မှန်ပါ့)။

ဉာဏ်နဲ့လိုက်တော့ လောဘတွေ့သလား၊ အနိစ္စတွေ့သ လား...(အနိစ္စတွေ့ပါတယ်ဘုရား)၊ ရှင်းပလား...(ရှင်းပါပြီ)။

## တွေ့တဲ့ ဉာဏ်က မဂ္ဂ

ဒါဖြင့် တွေ့တာက အနိစ္စဖြစ်လို့ရှိရင်ဖြင့် တွေ့တဲ့ဉာဏ်က မဂ္ဂဖြစ်သွားတယ်...(မှန်ပါ့)၊ မဖြစ်ဘူးလား...(ဖြစ်ပါတယ်)၊ လောကီ မဂ္ဂင်ပေါ့ဗျာ...(မှန်ပါ့)၊ မဖြစ်ဘူးလား...(ဖြစ်ပါတယ်ဘုရား)၊ ရိပ်မိ ကြပလား...(ရိပ်မိပါပြီ)၊ ခေါ်ရာက အနိစ္စ၊ လိုက်တာက မဂ္ဂ...

(မဂ္ဂသစ္စာပါဘုရား)။

ခေါ်တာက…(အနိစ္စပါဘုရား)။

လိုက်တာက…(မဂ္ဂပါဘုရား)။

ဒါဖြင့် ဟော်ပသသီကော ခေါ်ရာကို သန္နိဋ္ဌိကောနဲ့ လိုက်ပါ… (မှန်ပါ့ဘုရား)။

ရွတ်ပါ ရှေ့ကို ခင်ဗျားတို့ ရထားတဲ့ ပါဠိဘုရားရှေ့ရွတ်တဲ့ ပါဠိရွတ်ပါဦး…(အကာလိကောပါဘုရား)။

အကာလိကော အခါမလင့် အကျိုးပေး၏၊ မပေးဘူးလား …(ပေးပါတယ်ဘုရား)။

## တဏှာမလာအောင်

ကိုင်း…ဒီကစိတ်ကလေးက ခေါ်ပြီ၊ ကျူပ်လာကြည့်ပါဦးလို့ ခေါ်တော့ ဒီကဉာဏ်ကလေးနဲ့လိုက်၊ လိုက်၊ လိုက်တော့ ဝေဒနာ ပစ္စယာ တဏှာ၊ လာသေးရဲ့လား…(မလာပါဘုရား)။

ဉာဏ်က ဒီကျတော့ ဖြတ်ပစ်လိုက်တယ်၊ ဉာဏ်က ဒီနေရာ က လိုက်တာကိုး၊ မဖြတ်ဘူးလား ဒီအဆက်ကို…(ဖြတ်ပါတယ် ဘုရား)။ သဘောပါရဲ့လား…(ပါ့ပါတယ်)။

မလိုက်ရင် စပ်မယ်၊ ဟော်ပသသီကော ခေါ်ရာကို သန္နိဋ္ဌိကော နဲ့ မလိုက်ရင် "ဝေဒနာပစ္စယာတဏှာ" ပေါ်ကြပလား… (ပေါ် ပါပြီ)။ ခေါ်ရာကိုလိုက်မယ်ဆိုရင် ဝေဒနာပစ္စယာ…ပညာသွားဖြစ် တယ်…(ပေါ်ပါပြီဘုရား)၊ ဝေဒနာပစ္စယာပညာ၊ ဖဿပစ္စယာပညာ၊

ဝိညာဏပစ္စယာ...(ပညာပါ)၊ သဘောပါပလား...(ပါ,ပါပြီဘုရား)။

ဒါဖြင့် ခေါ်ရာလိုက်မှ အကာလိကော အခါမလင့် အကျိုးပေးမယ်ကွဆိုတော့ တဏှာ ဥပါဒါန် ကံမချုပ်ဘူးလား...(ချုပ်ပါတယ်ဘုရား)။

## ဟေဝိ– လာခဲ့ပါ၊ ပဿ– ရှုပါ

မဂ်က ဒီနေရာကနေ လိုက်တယ်ပေါ့ဗျာ။ မဂ်က ဒီနေရာကနေ လိုက်,လိုက်တော့ တဏှာဥပါဒါန်ကံတွေဟာ ယခုမလာတာလားဆိုလို့ရှိရင် အခုရှု၊ အခုမလာတာ...(မှန်ပါ့)၊ သဘောပါပလား...(ပါ,ပါပြီ)။ အခု ရှုရင်...(အခုမလာတာ)။

ဒါဖြင့် အခါမလင့် အကျိုးပေးတယ်ဆိုတာ မပေါ်သေးဘူးလား...(ပေါ်ပါတယ်ဘုရား)။

ပေါင်းကြစို့။ ဟေဝိပဿိကော ခေါ်ရာကို သန္ဒိဋ္ဌိကောနဲ့လိုက်ရင် အကာလိကောဖြစ်၏...(မှန်ပါ့)၊ ပေါ်ပလား...(ပေါ်ပါပြီ)။

ဟေဝိပဿိကော ခေါ်ရာကို...(သန္ဒိဋ္ဌိကောနဲ့ လိုက်ရင်အကာလိကောဖြစ်တယ်)။ အကာလိကောဖြစ်၏။ ပေါ်ကြပလား...(ပေါ်ပါပြီဘုရား)။

ဒါဖြင့် အကာလိကောတော့ ဖြစ်တာသေချာပြီ ဘုရား့၊ အရှင်ဘုရား ဒါသေသေချာချာ အကွက်ချပြောတာပဲ။ သဘောပါပလား...(မှန်ပါ့)။ ဒီတရားတွေက ဘာလုပ်တတ်တဲ့ တရားတွေတုံးဆိုတော့ ဟေဝိပဿိကော တရားတွေ၊ သဘောပါပလား...(မှန်ပါ့)။

## ကိုယ်တိုင်မြင်အောင်လိုက်၊ ဉာဏ်နဲ့မြင်အောင်ရှု

ဘာကြောင့်တုံး၊ သူတို့က အနိစ္စတရားတွေ...(မှန်ပါ့)။ ဒုက္ခသစ္စာတရားတွေ၊ မခေါ်တတ်ဘူးလား၊ ခေါ်တတ်သလား... (ခေါ်တတ်ပါတယ်)၊ ဒါဖြင့် ဘာနဲ့လိုက်ရမတုံးတဲ့...(သန္တတိကောနဲ့) သန္တတိကော သာမံပသိတဗ္ဗော၊ ကိုယ်တိုင်မြင်အောင်လိုက်...(မှန်ပါ့)၊ ဘာတဲ့တုံး...(ကိုယ်တိုင်မြင်အောင်လိုက်ရပါမယ်)၊ ကိုယ်တိုင်မြင်အောင် လိုက်ဆိုတော့ တဏှာနဲ့ လိုက်လို့ရပါမလား၊ ဉာဏ်နဲ့ လိုက်ရမလား...(ဉာဏ်နဲ့လိုက်မှ ရပါမယ်ဘုရား)။

ဒါဖြင့် သန္တတိကောကို သာမံပသိတဗ္ဗောလို့ ဆရာထွန်း မဖွင့်ဘူးလားဗျာ...(မှန်ပါ့၊ ဖွင့်ပါတယ်)၊ သာမံ၊ ကိုယ်တိုင်၊ ပဿိတဗ္ဗော၊ ဉာဏ်နဲ့ မြင်အောင်ရှုကွ...လို့ မဆိုဘူးလား...(ဆိုပါတယ်ဘုရား)။

## အခါမလင့် အကျိုးပေးတတ်ပါတယ်

ဒါဖြင့် ပေဟိပဿိကော ခေါ်ရာကို သန္တတိကောနဲ့ လိုက်လို့ ရှိရင် အကာလိကောဆိုတော့ တဏှာ ဥပါဒါန်တွေ၊ ရန်သူတွေဟာ အကုန်ချုပ်ပါတယ်။ မချုပ်ဘူးလား၊ ချုပ်သလား...(ချုပ်ပါတယ်ဘုရား)။ ရန်သူချုပ်တော့ ဒီဘက်က အနာဂတ်ဒုက္ခတွေ လာပါဦးမလား...(မလာပါဘုရား)။

ဆရာထွန်း ကြည့်စမ်း၊ ဒီအနာဂတ်ဒုက္ခတွေ ဘယ့်နှယ်တုံး၊ လာပါဦးမလား...(မလာပါဘုရား)၊ ဘာဖြစ်လို့ မလာတာတုံးဆို

တော့ အကာလိကော အကျိုးပေးပြီးပြီဗျ။ တဏှာဥပါဒါန်မချုပ်သေးဘူးလား...(ချုပ်ပါတယ်)၊ ချုပ်ကတည်းက ဇာတိဇရာ မရဏ ဘယ့်နှယ်နေသလဲ...(မလာပါဘုရား)။ ဒါ အကာလိကော ဟုတ်, မဟုတ်...(ဟုတ်ပါတယ်ဘုရား)၊ ပေါ်ကြပလား...(မှန်ပါ့ဘုရား)။

ဒါဖြင့် ဝိပဿနာတရားရှုနည်း နိဿရည်း ဘယ်လိုများ ဟောခဲ့ပါလိမ့်။

## နံပါတ်(၂) အကွက် တရားတွေက ဧဟိပဿိတရားတွေ

ကိုင်း...ဒါဖြင့် ဒကာ၊ ဒကာမတို့ ဧဟိပဿိကောဆိုတာက ၂ နံပါတ်အကွက်ထဲရှိတဲ့ တရားဟာ ဧဟိပဿိကောချည်းမှတ်ပါ...(မှန်ပါ့)။ ရှုရမယ့် တရားချည်းပဲ...(မှန်ပါ့)။ သဘောပါလား...(ပါ,ပါပြီ)။

အဲဒါ ခင်များတို့က ဝေဒနာပစ္စယာ တဏှာနဲ့ လိုက်နေလို့ ခက်နေတာ...(မှန်ပါ့)။ သဘောကျပလား...(ကျပါပြီ)၊ ပညာနဲ့ သန္ဒိဋ္ဌိကောနဲ့ လိုက်မယ်ဆိုရင်ဖြင့် ဖြစ်ပျက် မဂ်၊ မကိုက်ဘူးလား...(ကိုက်ပါတယ်) ဖြစ်ပျက်...(မဂ်)။

## မဂ်ဆိုတာ သန္ဒိဋ္ဌိကော သဘော

မဂ်ဆိုတော့ မဂ်က သန္ဒိဋ္ဌိက သဘောကျပလား...(မှန်ပါ့)၊ ခေါ်တာက ဧဟိပဿိက၊ မဂ်က ဘာပါလိမ့်...(သန္ဒိဋ္ဌိကပါ) ခေါ်တာက...(ဧဟိပဿိကပါဘုရား)၊ လိုက်တာက...(သန္ဒိဋ္ဌိကပါ)။

## တဏှာ၊ ဥပါဒါန်၊ ကံချုပ်တာက အကာလိကော

သူလိုက် လိုက်တဲ့အတွက် တဏှာ၊ ဥပါဒါန်၊ ကံချုပ် မချုပ်...(ချုပ်ပါတယ်ဘုရား)။ အဲဒါက ဘာဆိုကြမတုံး... (အကာလိကောပါဘုရား)။

ဩော်...နေရာကျလိုက်တာ၊ ဩော်...အလုပ်စဉ် ဘုရားက ဟောခဲ့သလား။ တို့က အလုပ်စဉ်မလုပ်ဘဲနဲ့ ဘုရားရှိခိုးနေလို့ ခက်တာလား...(မှန်ပါ့)။ ဘုရားရှိခိုးနေလို့...(ခက်တာပါ)။ ဒကာ၊ ဒကာမတွေ ဘယ့်နှယ်ဆိုကြမယ်...(မှန်ပါ့)၊ မမှန်နဲ့၊ ရမ်းမှန်လို့ မရဘူး ခင်ဗျားတို့၊ ခင်ဗျားတို့ အမှားတော်ကြီးက အတော်ကြီးတယ်...(မှန်ပါ့)၊ မကြီးဘူးလား ကြီးသလား...(ကြီးပါတယ်ဘုရား)။

## အလုပ်ကို ဟောခဲ့တာ

သေသေချာချာ စဉ်းစားပါ၊ ဒကာ၊ ဒကာမတို့ ဘုန်းကြီးပြောနေကျအတိုင်း ပြောရလို့ရှိရင်ဖြင့် "ဟေိပဿိကော၊ သန္ဒိဋ္ဌိကော၊ အကာလိကော" ဆိုတာ အလုပ်ကိုဟောခဲ့တယ်... (မှန်ပါ့ဘုရား)။

ခင်ဗျားတို့က ပူဇော်မှုနဲ့ လမ်းဆုံးနေတယ်...(မှန်ပါ့) ဘယ့်နှယ် ဘာနဲ့ လမ်းဆုံးနေကြသလဲ...(ပူဇော်မှုနဲ့ လမ်းဆုံးနေပါတယ်ဘုရား)။ အေး...ဒကာ၊ ဒကာမတို့ ဘာနဲ့ လမ်းဆုံးသလဲ ...(ပူဇော်မှုနဲ့ လမ်းဆုံးနေပါတယ်)။

## သောက်ဆေးကို လိမ်းဆေးလုပ်နေကြတာ

ပူဇော်မှုနဲ့ လမ်းဆုံးနေတယ်ဆိုတော့ ဒကာ၊ ဒကာမတို့ ဆေးအလွဲသုံးပေါ့...(မှန်ပါ)။ ဘယ့်နှယ်ဆိုကြမလဲ...(ဆေးအသုံး လွဲနေပါတယ်ဘုရား)၊ သောက်ဆေးကို လိမ်းဆေးလုပ်ပဟာ...(မှန်ပါ ဘုရား)။

ဒကာ၊ ဒကာမတို့ ဘယ့်နှယ်ဆိုကြမလဲ...(သောက်ဆေးကို လိမ်းဆေးလုပ်နေပါတယ်)၊ ဘယ်တော့ရောဂါပျောက်မလဲ... (မပျောက်ပါဘုရား)၊ ဒကာ၊ ဒကာမတွေ...(မပျောက်ပါဘုရား)၊ ဘယ်နည်းနဲ့ ပျောက်မတုံး...(မပျောက်နိုင်ပါ)။

သောက်ဆေးကို သောက်ဆေးလုပ်ရင် ပျောက်မယ်နော်... (မှန်ပါဘုရား)၊ သောက်ဆေးကို လိမ်းဆေးအဖြစ်နဲ့ သုံးရင်ကော... (မပျောက်နိုင်ပါဘုရား)၊ ပျောက်ပါ့မလား...(မပျောက်ပါဘုရား)။ ပေါ်ကြပလား...(ပေါ်ပါပြီဘုရား)။

## သောက်ဆေးကို ပဓာနထားပါ

ဒါဖြင့် ဒီကရှေ့ ဘယ်လိုသုံးကြမလဲ...(သောက်ဆေးကို သောက်ဆေးအဖြစ် သုံးရမယ်)၊ သောက်ဆေး၊ သောက်ဆေးပဲလုပ် ပါ...(မှန်ပါ)၊ လိမ်းချင်လို့ရှိရင် ခဏပဲ ဘုရားရှေ့သွားပူဇော်လိုက် တာပေါ့...(မှန်ပါ)၊ သဘောကျပလား...(ကျပါပြီဘုရား)၊ လိမ်းဆေး ကို ပဓာနမထားပါနဲ့၊ ဘာ ပဓာနထားရမတုံး...(သောက်ဆေးကို ပဓာနထားရပါမယ်)၊ သောက်ဆေး ပဓာနထားရမယ်ဆိုတာ ရိပ်မိ

ပလား...(ရိပ်မိပါပြီဘုရား)။

သခင်ဝတင်တို့ ဘယ်လိုအသုံးချကြမလဲ...(သောက်ဆေး အသုံးချရပါမယ်)၊ သောက်ဆေးပဲလုပ်ပါဆိုတာဖြင့် ဒကာ၊ ဒကာမ တွေ သေသေချာချာမှတ်ပါနော်...(မှန်ပါ့)။

သောက်ဆေး ဟုတ်တယ်၊ မဟုတ်တယ်ဆိုတာကိုလည်း ဘုန်းကြီးက အထူးပြောစရာမလိုပါဘူး။ ခင်ဗျားတို့က ပါဠိနားမလည် လို့ ဟေိလာခဲ့ပါ၊ ပဿ- ရှုပါဆိုတော့ ရှိခိုးပါ နိုင်းသလား...(ရှုပါ လို့နိုင်းတယ်)၊ ကဲ...သောက်ဆေး ဟုတ်, မဟုတ်၊ မဟုတ်ပေဘူး လား...(ဟုတ်ပါတယ်ဘုရား)။

ဖြစ်ပျက်တရားက ဒုက္ခသစ္စာက ဟေိ- လာခဲ့ပါ၊ ပဿ- ကျုပ်ကိုရှုပါ၊ မပြောဘူးလား...(ပြောပါတယ်ဘုရား)၊ ဘာဆေးလို့ သူကပြောသလဲ...(သောက်ဆေးလို့ ပြောပါတယ်ဘုရား)၊ ခင်ဗျား တို့က ဘာလုပ်သတုံး...(လိမ်းဆေးလုပ်ပါတယ်ဘုရား)။

ဟာ...သွားပြီ၊ သွားပြီ၊ သေသေချာချာ နာတာပဲ၊ ဒီဥစ္စာ၊ သေသေချာချာ နာတယ်ဆိုတာ ဒကာ၊ ဒကာမတွေ ရှင်းပလား... (ရှင်းပါပြီ)။

အဲဒီတော့ လိမ်ဆေးဟာ ကျေးဇူးမရှိဘူးလားလို့ မေးတော့ ဟော့...အနာ ငြိမ်ရုံပဲရှိတယ်၊ အနာမပျောက်ဘူး၊ သမထကိုးဗျ... (မှန်လှပါ)။

ဆရာထွန်း...အနာငြိမ်ရုံပဲ ရတယ်...(မှန်ပါ့)၊ ပျောက်သွား ရဲ့လား...(မပျောက်ပါဘုရား)၊ သောက်ဆေးလုပ်လိုက်ရင်တော့... (ပျောက်သွားပါတယ်)။

## အနာပျောက်တာ မကြိုက်လျှင်

ဒါဖြင့် ခင်ဗျားတို့က ငြိမ်ရုံကြိုက်တယ်၊ ပျောက်တာမကြိုက်ဘူး…(ဟုတ်ပါတယ်ဘုရား)။ အဓိပ္ပာယ် ဒီမရောက်ဘူလား…(ရောက်ပါတယ်ဘုရား)၊ အနာငြိမ်သွားတော့…(ကြိုက်ပါတယ်ဘုရား)၊ ပျောက်သွားရင်တော့…(မကြိုက်ပါဘုရား)၊ တကယ်ရှုးတဲ့လူတွေပါလား။

ပျောက်တာကို မကြိုက်ဘူးဆိုတော့ ဒီထက်ရှုးတာရှိသေးရဲ့လား…(မရှိပါဘုရား)။ ပေါ်ကြပလား…(ပေါ်ပါပြီ)၊ အင်မတန်ဆိုးရွားနေတာကို ဖော်ပြနေပါတယ်…(မှန်ပါ့)၊ မပြောသင့်ဘူးလား…(ပြောသင့်ပါတယ်ဘုရား)။

ပြောသင့်တယ်လို့ ဒီဒကာ၊ ဒကာမတွေထဲမှာ မရင်းတာမပါဘူး…(မှန်ပါ့)၊ အကုန် ဆရာ၊ ဒကာတွေဖြစ်နေကြတယ်ဆိုတာသိပြီးသားတွေ။ အဲဒါအမှန်ကို ပြောပေ့ါဆိုတာ ဆုံးဖြတ်ချက်ချပါ…(မှန်ပါ့)၊ ဘယ်လိုဆုံးဖြတ်ချက်ချမလဲ…(အမှန်ကို ပြောတယ်လို့ဆုံးဖြတ်ချက်ချပါတယ်ဘုရား)၊ လျှော့ဈေးလား၊ အမှန်အတိုင်းလား…(အမှန်အတိုင်းပါဘုရား)။

## မရှိမ ပဋိပဒါဈေး

တင်းဈေးလား၊ အမှန်အတိုင်းလားဆိုတော့…(တင်းဈေးပါဘုရား)၊ တင်းဈေးဆိုတော့လည်း ဒိဋ္ဌိဘက်လွန်သွားတယ်၊ လျှော့ဈေးဆိုတော့လည်း ခင်ဗျားတို့က အတ္တကိလမထနုယောဂဘက်

သက်တယ်၊ ဒါကြောင့် သစ္စာကိုင်ဟောတဲ့ မဇ္ဈိမပဋိပဒါလမ်းအမှန် ဆေးလို့မှတ်ပါ...(မှန်လှပါဘုရား)၊ ပေါ်ကြပလား...(ပေါ်ပါပြီဘုရား)။

ဆရာထွန်း၊ နားကြီးကြီးနဲ့ ထောင်တော့ ရှင်းမသွားသေးဘူးလား...(မှန်ပါ့ ရှင်းသွားပါတယ်)။ ရှင်းတယ်နော်၊ ဆရာထွန်းက ညံ့တာမဟုတ်ဘူး။ ဒီစာတွေကို...(ဘုရားဟောထားတဲ့ စာတွေကို) မှားရင် မြင်မယ်ဆိုတဲ့ ဗုဒ္ဓဝင် အယ်ဒီတာတောင် လုပ်နေသေးတာ ညံ့တာမဟုတ်ဘူး၊ သူက။

ကိုင်း...ဒါဖြင့် ဒကာ၊ ဒကာမတို့ ချွတ်ယွင်းချက်များရှိလို့ ရှိရင် ကူညီမယ်ဆိုတဲ့ သဘောဟာ ဆရာထွန်းကြီးပါပဲ...(မှန်ပါ့ ဘုရား)။

ကိုင်း...ဒါဖြင့် ဒကာ၊ ဒကာမတို့ ဧဟိပဿိကောခေါ်ရာကို...(သန္ဒိဋ္ဌိကောနဲ့ လိုက်ရပါမယ်)။ ဘယ်လိုများ အကျိုးပေးမတုံး...(အကာလိကော အကျိုးပေးပါမယ်ဘုရား)။ အကာလိကော၏ အဓိပ္ပာယ်က ဘာပါလိမ့်...(အခါမလင့် အကျိုးပေးတယ်)။

## မြန်မြန်အကျိုးပေးတာကြိုက်ရင် ဝိပဿနာလုပ်

ဒါဖြင့် မြန်မြန်အကျိုးပေးတာကြိုက်ရင် ဝိပဿနာလုပ်...(မှန်ပါ့)။ နေ့နေ့မှ အကျိုးပေးတာ လုပ်ချင်လို့ရှိရင်ဖြင့် တရားကို ပူဇော်ကြ...(မှန်ပါ့)။ သဘောပါပလား...(ပါ,ပါပြီဘုရား)။

ဘုရားရှေ့သွားပြီး ဧဟိပဿိကော ဩပနေယျိကော ပစ္စတ္တံ ဝေဒိတဗ္ဗောလို့ သွားရွတ်၊ နေ့နေ့တော့ ပျောက်ပါလိမ့်မယ်...

(မှန်ပါ့)၊ သဘောကျပလား...(ကျပါပြီ)။

ဟာ တပည့်တော်ဟာ ဝိပဿနာပဲ အသုံးချမယ်ဆိုရင် မြန်မြန်ပျောက်မယ်...(မှန်ပါ့)၊ ဒကာ၊ ဒကာမတွေ မြန်မြန်ပျောက်နဲ့ အနှေးပျောက် ဘယ်ဟာကြိုက်သတုံး...(အမြန်ပျောက်တာကြိုက်ပါတယ်ဘုရား)။

ဒါတော့ ခင်ဗျားတို့က ကြိုက်တယ်သာပြောတာ၊ ခုတော့ နှေးနှေးမှ ပျောက်ချင်ကြတယ်။

ဒီအဓိပ္ပာယ်မရောက်ကြဘူးလား...(ရောက်ပါတယ်ဘုရား)။ အဲဒါကြောင့် မြင်ကြပါဦး၊ ဆင်ကြပါဦးဆိုပြီး ဆရာဘုန်းကြီးက လာပြီးတော့ ဦးသံဒိုင်တို့၊ ဦးထွန်းရင်တို့၊ ဦးသန်းမောင်တို့၊ ဦးမာဒင်တို့၊ ဦးအောင်ဖုံဝေတို့ ဒီလူတွေကြောင့် ဘုန်းကြီးရောက်လာတယ်။ ရိပ်မိပလား...(ရိပ်မိပါပြီ)။

## ဝိပဿနာအလုပ်စဉ် ဘယ်မှာ ဟောခဲ့သတုံး

ကောင်းပြီ။ ဒကာ၊ ဒကာမတို့ ဒါဖြင့် ဝိပဿနာလုပ်တတ်ပလား...(လုပ်တတ်ပါပြီ)။ ဝိပဿနာလုပ်စဉ် ဘယ်မှာဟောခဲ့သတုံး။ တရားဂုဏ်တော်ခြောက်ပါးမှာ ဟောခဲ့တယ်...(မှန်ပါ့)။ ဝိပဿနာအလုပ်စဉ် ဘယ်မှာဟောခဲ့ပါလိမ့်...(တရားဂုဏ်တော်ခြောက်ပါးမှာ ဟောပါတယ်)။

အလုပ်စဉ်များ ရကြရဲ့လားလို့ဆိုလို့ရှိရင် ဒီအထဲမှာ "သွာက္ခာတော ဘဂဝတာ ဓမ္မော" က စပြီးသကာလ "ပစ္စတံ

ဝေဒိတဗ္ဗောဝိညူဟိ" ကျအောင် မရတဲ့ပုဂ္ဂိုလ် ရှာမှရှား...(မှန်လှပါဘုရား)။ သဘောကျပလား...(ကျပါပြီဘုရား)။ ရတဲ့ပုဂ္ဂိုလ် များကြရဲ့လား...(များပါတယ်ဘုရား)။

## အလုပ်လုပ်တဲ့ ပုဂ္ဂိုလ် ပါ၊ မပါ

လုပ်တဲ့ပုဂ္ဂိုလ် ပါရဲ့လားမေးရင်...(မပါ, ပါဘုရား)။ ဟာ ခွကျတာပေါ့ဗျ။ ဒါဖြင့် သမထတော့ သူတို့သန်တယ်...(မှန်ပါ့ဘုရား)။

ဝိပဿနာ လုံးဝမလုပ်ဘူး...(မှန်ပါ့)။ ဟောတာက သမထကို ဟောသလား၊ ဝိပဿနာကို ဟောသလား...(ဝိပဿနာကို ဟောပါတယ်ဘုရား)။

ကိုင်း...ဒကာ၊ ဒကာမတို့ သွာက္ခာတော ဘဂဝ တာ ဓမ္မော၊ ဘဂဝတာ- မြတ်စွာဘုရားသည်၊ သွာက္ခာတော- မင်းတို့ ကောင်းအောင်ဟောထားတာ၊ နိဗ္ဗာန်ရောက်အောင် ဟောထားတာ...(မှန်ပါ့ဘုရား)။

နိဗ္ဗာန်ရောက်မည့် တရားကို ခင်ဗျားတို့က ဖြဟ္ဘာ့ပြည် ရောက်ကြောင်း လုပ်ပြီးသုံးတယ်...(မှန်ပါ့ဘုရား)။ သဘောပါရဲ့လား...(ပါ,ပါတယ်ဘုရား)။ နိဗ္ဗာန်ရောက်ကြောင်း ဟောထားတဲ့ သွာက္ခာတော ဘဂဝတာ ဓမ္မောလို့ သူဟာ အစမပါဘူးလား...(ပါ,ပါတယ်ဘုရား)။

အဲဒါ ခင်ဗျားတို့က ဘုရားရှေ့သွားပြီး ပူဇော်ကြတယ်။ ပူဇော်ကြတဲ့အတွက် ဘုန်းကြီးများက ဒကာ၊ ဒကာမတို့ ဆေးအသုံး မတတ်သေးဘူးဆိုပြီး လာပြင်တာပဲ...(မှန်ပါ့) ရိပ်မိပလား...(ရိပ်မိပါပြီ)။ မောင်ဆွေတင် ဘာတဲ့ကွာ...(လာပြင်တာပါ)။

## ဆေးအသုံးမတတ်လို့ လာပြင်ပေးတာ

ဆေးအသုံးမတတ်လို့ လာပြီး ပြင်ပေးနေရတယ်။ အနောက်နိုင်ငံဆေးတွေတော့ ဒါရိုက်ရှင်းတွေ ဘာတွေနဲ့ အကုန်ပြပါတယ်။ ခင်ဗျားတို့ ဆရာဝန်တွေက ကောင်းကောင်းနားမလည်တော့ ဟိုက ကွန်ပေါင်းလာလုပ်ပေးရမယ်...(မှန်ပါ့ဘုရား)။

အတော်ကျပ်နေသားဗျ...(မှန်ပါ့)။ အင်မတန် မဆိုးရွားဘူးလား...(ဆိုးရွားပါတယ်)။ အဲဒီလောက်တောင် ခင်ဗျားတို့ အရုပ်ဆိုးနေလို့ ဘုန်းကြီးများကလည်း ပါရမီနဲ့မို့၊ ကဲ...သီပါစေတော့ ကျင့်ပါစေတော့ ကြံပါစေတော့ဆိုပြီး ဒါအလုပ်တရားကွ၊ ရှိခိုးရမည့် တရားမဟုတ်ဘူးလို့ လာပြောတာ သဘောပါကြရဲ့လား...(ပါ့ပါတယ်)။

## အလုပ်တရား၊ အလုပ်လုပ်ရင် နိဗ္ဗာန်ရောက်တယ်

အလုပ်တရား...ရှိခိုးရမည့် တရားလား...(အလုပ်တရားပါဘုရား)။ သို့သော် ခင်ဗျားတို့ ဘယ်နေရာ အသုံးချသလဲ...(ရှိခိုးနေပါတယ်ဘုရား)။

ညြော်... ခက်နေပြီ။ အဲဒီတော့ ဘုရားက ဟောရှာတယ်။ ငါဘုရားရှိခိုးရင် သုဂတိရောက်မယ်ကွ၊ သဘောကျပလား... (ကျပါပြီ)။

ငါဘုရားဟောတဲ့အတိုင်း အလုပ်လုပ်ရင် နိဗ္ဗာန်ရောက်မယ်ကွ၊ ဘုရားက နှစ်ခွန်းသုံးတယ်...(မှန်ပါ့)။ မှတ်မိရဲ့လား...(မှန်ပါ့)။

ငါဘုရားကို ရိုသေကိုင်းညွှတ် ရှိခိုးရင် ဘယ်ရောက်မတုံး... (သုဂတိရောက်ပါတယ်)၊ ဆရာထွန်း...တွေ့ဖူးတယ်နော်...(မှန်ပါ့)။ တွေ့ဖူးတယ်တဲ့ ခင်ဗျားတို့။

ကိုင်း...ဒါဖြင့် ဒကာ ဒကာမတို့ ငါဘုရားပြောတဲ့အတိုင်း ကျင့်ကြရင် ဘယ်ရောက်မတုံး...(နိဗ္ဗာန်ရောက်ပါတယ်)။

ဒါဖြင့် ဘုရားသခင်ကိုယ်တော်မြတ်ကြီးကိုက နှစ်စား မဟောခဲ့ဘူးလား...(ဟောခဲ့ပါတယ်)။

တရားဂုဏ်တော် ရှိခိုးရင် သုဂတိ...(မှန်ပါ့)၊ ဘုရားဂုဏ်တော်ရှိခိုးရင်...(သုဂတိ)၊ သုဂတိကူသိုလ်ရမယ်၊ နိဗ္ဗာန်ရပ့်မလား... (မရပါဘုရား)။

နိဗ္ဗာန်ရချင်ရင် သူဟောတဲ့အတိုင်းကျင့်မှ ဗောဓိပက္ခိယကောဒ္ဓါရကို သန္နိဋ္ဌာနနဲ့လိုက်မှ အကာလိကောဖြစ်မယ်...(မှန်လှပါဘုရား)။ မပေါ်ကြသေးဘူးလား...(ပေါ်ပါပြီ)၊ ရှင်းပလား...(ရှင်းပါပြီ)။

ဒါဖြင့် ဒကာ၊ ဒကာမတို့ အလုပ်တရားသည် ဘယ်နေရာမှာများ ဟောခဲ့ပါလိမ့်မတုံး၊ မြန်အောင် ဦးတင် ပြောစမ်း...(တရားဂုဏ်တော်ခြောက်ပါးမှာပါဘုရား)။ တရားဂုဏ်တော်ခြောက်ပါးမှာ၊ ပေါ်ကြပလား...(ပေါ်ပါပြီဘုရား) ဘယ်နေရာမှာ ဟောခဲ့သလဲ...

(တရားဂုဏ်တော်ခြောက်ပါးမှာပါဘုရား)။ တရားဂုဏ်တော်ခြောက်ပါးမှာ၊ ပေါ်ကြပလား…(ပေါ်ပါပြီဘုရား)၊ ဘယ်နေရာမှာ ပောခဲ့သလဲ…(တရားဂုဏ်တော်ခြောက်ပါးမှာပါ ဘုရား)။

တရားဂုဏ်တော်တရား၏ အလုပ်စဉ်ခြောက်ပါးသည် ဒကာ၊ ဒကာမတို့ ရပြီးနေပြားသော်လည်း ကျုပ်တို့ရပြီးသားပဲ ဒီဉစ္စာ၊ ရတဲ့အတိုင်း မလုပ်လို့ နိဗ္ဗာန်မရောက်တာလို့ မှတ်လိုက်…(မှန်ပါ့ဘုရား) ရတဲ့အတိုင်း…(မလုပ်လို့ နိဗ္ဗာန်မရောက်တာပါဘုရား)။

မလုပ်လို့ နိဗ္ဗာန်မရောက်တာဆိုတာကော သေချာကြပလား…(သေချာပါတယ်)၊ ရတဲ့အတိုင်း ပူဇော်နေလို့ နိဗ္ဗာန်မရောက်တာ…(မှန်ပါ့)၊ ရတဲ့အတိုင်းလုပ်ရင်…(နိဗ္ဗာန်ရောက်ပါမယ်)။

ကြည့်…ပေါ်ပဿိကော ခေါ်ရာကို သန္ဒိဋ္ဌိကောနဲ့လိုက်ရင် အကာလိကောဆိုတဲ့ တဏှာ၊ ဉပါဒါန်၊ ကံချုပ် မချုပ်…(ချုပ်ပါတယ် ဘုရား)။

ဒါဖြင့် တဏှာငြိမ်း နိဗ္ဗာန်၊ ဉပါဒါန်ငြိမ်း နိဗ္ဗာန်၊ ကံပြတ်ရင်လည်း နိဗ္ဗာန်ပဲ…(မှန်ပါ့)၊ မပေါ်သေးဘူးလား…(ပေါ်ပါတယ်)၊ ရှင်းကြပလား…(ရှင်းပါတယ်)၊

အင်မတန်မှ ဒကာ၊ ဒကာမတွေ ရှင်းလင်းအောင် ပြောနေတယ်ဆိုတာ သဘောပါကြပလား…(ပါ့ပါပြီ)။

ကိုင်း…ရှေ့ဆက်ပါဦး။ အကာလိကောပြီးတော့ ဘာလာသတုံး…(ဧဟိပဿိကော လာပါတယ်ဘုရား)။

## ဖြစ်ပျက်က ဆွဲဆောင်နေပါတယ်

ဟော...ခင်ဗျားတို့စိတ်ကို ဖြစ်ပျက်က ဆွဲဆောင်နေပါတယ်တဲ့...(မှန်ပါ့)။ ဖြစ်ပြီးပျက်တဲ့တရားက ခင်ဗျားတို့စိတ်ကို မလာ၊ လာအောင် ဆွဲဆောင်နေတယ်...(မှန်ပါ့)၊ သူကဆွဲဆောင်မှသာလျှင် နိဗ္ဗာန်ရောက်မှာကိုးဗျ...(မှန်ပါ့)၊ ဆရာထွန်း ရှေးဦးစွာ သူက မဆွဲဆောင်ရပေဘူးလား...(မှန်ပါ့၊ ဆွဲဆောင်ရပါတယ်)။ နောက်ဆုံးပိတ်ကျတော့ နိဗ္ဗာန်က ဆွဲဆောင်တာပေါ့...(မှန်ပါ့)။

ကိုင်း...ဒါဖြင့် ဒကာ၊ ဒကာမတို့ ကျုပ်မှာ အနာပေါက်နေပါတယ်။ ခင်ဗျားလာကြည့်စမ်းပါဆိုတဲ့ဥစ္စာ "အတ္တနောစိတ္တံ ဥပနေတဗ္ဗော" တဲ့။

ခင်ဗျားတို့၏ ဉာဏ်စိတ်ကို ဒီကနေ ဖြစ်ပျက်က ဆွဲဆွဲနေတယ်။ လာခဲ့စမ်းပါ။ ကျုပ်ဆီမရောက်ရောက်အောင် လာစမ်းပါ။ ကျုပ်ဘာဖြစ်နေတယ်ဆိုတာ ခင်ဗျားသိရအောင်ဆိုတော့ ဒုက္ခသစ္စာအဖြစ်ကို ပြောပြောနေတယ်...(မှန်ပါ့)။ ခင်ဗျားတို့က ဉာဏ်နဲ့ မလိုက်တော့ ခက်နေတယ်။ သဘောကျပလား...(ကျပါတယ်)။

## ဒုက္ခဆုံးမှ နိဗ္ဗာန်

သူ့ဆီလိုက် လိုက်လို့ရှိရင် သူဆုံးရင် နိဗ္ဗာန်က မခေါ်ပေဘူးလား...(ခေါ်ပါတယ်) နိဗ္ဗာန်က ရှေးဦးစွာ ခေါ်နိုင်သလား၊ သူဆုံးပြီးမှ ခေါ်နိုင်သလား...(ဆုံးပြီးမှ ခေါ်နိုင်ပါတယ်ဘုရား)။

"ဒုက္ခသဿအန္တံကရိဿတိ" ကိုး။ ဒုက္ခဆုံးမှ နိဗ္ဗာန်က ပေါ်မှာ...(မှန်ပါ့) ဒုက္ခမဆုံးရင်...(မပေါ်နိုင်ပါဘုရား)။

ဒါဖြင့် ဒုက္ခခေါ်ရာကို ခင်ဗျားတို့က လိုက်ပါ။ နောက်ကျတော့ လိုက်တဲ့အခါကျတော့ ဒုက္ခခေါ်ရာ မလိုက်ချင်ဘူးဆိုတဲ့ ဉာဏ်တွေလာမလား၊ မလာဘူးလား...(လာပါတယ်)။

အဲဒီလာတဲ့အခါကျတော့ ဒုက္ခတွေချုပ်ပြီးတော့ ဒုက္ခချုပ်တဲ့ နိဗ္ဗာန်က အစစ်ခေါ်လိမ့်မယ်...(မှန်ပါ့)။

ပထမတော့ ဒုက္ခခေါ်ရာလိုက်နော်...(မှန်ပါ့)၊ ကြာတော့ လိုက်ဖန်များတော့ ဒုက္ခကို မမုန်းပေဘူးလား...(မုန်းပါတယ်)။ ဒုက္ခ လိုချင်သေးရဲ့လား...(မလိုချင်ပါ)။ မလိုချင်တော့ ဒီဒုက္ခတွေ အကုန်ချုပ်မယ်၊ ချုပ်တဲ့အခါကျတော့ ဒီနေရာမှာ ဘယ်သူပေါ်မလဲ၊ မေးကြည့်ပါ၊ နိဗ္ဗာန်ပေါ်လာလိမ့်မယ်...(မှန်ပါ့)၊ မပေါ်ပေဘူးလား... (ပေါ်ပါတယ်ဘုရား)။

အဲဒီကျတော့ "အတ္တနောစိတ္တံ ဥပနေတဗ္ဗော" မိမိစိတ်ကို နိဗ္ဗာန်က ဆွဲဆောင်ပြီလို့ မှတ်ပါ၊ ပထမ ဒုက္ခခေါ်ရာသာလိုက်၊ တော်တော်ကြာ နိဗ္ဗာန်နဲ့သွားတွေ့မယ်၊ မတွေ့ပေဘူးလား... (တွေ့ပါတယ်ဘုရား)။

## ပညာရှိမှ မဂ်ရမယ်

အဲဒီတော့ ဩပနေယျိကော ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟိ" ဒကာ၊ ဒကာမတွေ ရွတ်စမ်း၊ ဒါ ဘာလဲ...(ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟိ) ပစ္စတ္တံဝေဒိတဗ္ဗော ဝိညူဟိ။

ဝိညူဟိ- ပညာရှိတို့သည်။ ပစ္စတ္တံ- အသီးသီး၊ ဝေဒိတဗ္ဗော- ရအပ်၏။

ပညာရှိမှ မဂ်ရမယ်ပြောတာ...(မှန်ပါ့)၊ ဒကာ၊ ဒကာမတို့ ဘာတဲ့တုံး...ဆရာထွန်း...(ပညာရှိမှ မဂ်ရမယ်) ပထမ ပညာရှိလို့ ရှိရင် သောတာပတ္တိမဂ်ရမယ်။

ဒီထက် ထက်တဲ့ပညာရှိလို့ရှိရင် သကဒါဂါမိမဂ် မရပေဘူး လား...(မှန်ပါ, ရပါတယ်)။

ဒီထက် ထက်တဲ့ပညာရှိရင်...(အနာဂါမိ မဂ်ရမယ်)။

ဒီထက် ထက်တဲ့ပညာရှိရင်...(အရဟတ္တမဂ် ရပါတယ် ဘုရား)။

ဒါဖြင့် အသီးသီးရ ရမယ်ကွတဲ့။ ရိပ်မိပလား...(မှန်ပါ့)။ ဒါဖြင့် မဂ်ရချင်လို့ရှိရင်ဖြင့် ဒကာ၊ ဒကာမတို့ ခေါ်ရာလိုက်မှရမယ်... (မှန်ပါ့)။ ခေါ်ရာမလိုက်ရင်...(မရပါ)၊ ရစရာ မြင်သေးရဲ့လား... (မမြင်ပါဘုရား)။

ဒါဖြင့် ဆရာထွန်းက သောတာပတ္တိမဂ်ရပြီ။ ဖြစ်ပျက်မြင်လို့ မဂ်ဝင်ပြီ၊ မဂ်ဝင်လို့ ဒိဋ္ဌိ ဒိဋ္ဌုပါဒါန် ဒိဋ္ဌိ အုပ်ချုပ်တဲ့ ကံသေပြီ ဆိုပါတော့ဗျာ...(မှန်ပါ့)။ မသေနိုင်ဘူးလား...(သေနိုင်ပါတယ်)။

ပထမပဋိစ္စသမုပ္ပါဒ် မပြတ်ဘူးလား...(ပြတ်ပါတယ်)။ ပြတ်တော့ ဆရာထွန်းကို သောတာပန် ပုဂ္ဂိုလ်လို့ မဆိုနိုင်ဘူးလား...(ဆိုနိုင်ပါတယ်)။ သောတာပတ္တိမဂ် ပုဂ္ဂိုလ်လို့ကော...(ဆိုနိုင်ပါတယ်) အဲဒီမဂ်တွေကို ခင်ဗျားသားသမီးတွေရှိတယ်။ ရော့ပေ့ာလို့ ပေးလို့ ရရဲ့လား...(မရပါဘုရား)။

ဒါကြောင့် ပစ္စတ္တံ၊ အသီးသီး၊ ဝေဒိတဗ္ဗော၊ ခံစားအပ်၏။ သူ့ရတာ သူသာပိုင်တယ်။ အမျှပေးလို့ မရဘူးကွ...(မှန်ပါ့)၊ ရိပ်မိပလား...(ရိပ်မိပါပြီ) အမျှပေးလို့ရရဲ့လား...(မရပါ)။

## အမျှပေးလို့မရတာ မဂ်ကုသိုလ်

ဒါဖြင့် ခင်ဗျားတို့ အမျှပေးလို့မရတဲ့ ကုသိုလ်ဟာ မဂ်ကုသိုလ်၊ ပေါ်ပလား...(ပေါ်ပါပြီ)။ အမျှပေးလို့မရတဲ့ ကုသိုလ်ဟာ ...(မဂ်ကုသိုလ်ပါဘုရား)။

အမျှပေးလိုက်လို့ ရတဲ့ကုသိုလ်ဟာ မခိုင်တဲ့ ကုသိုလ်မို့ ခင်ဗျားတို့ အလှူပေးတဲ့ကုသိုလ်၊ သီလဆောက်တည်လို့ရတဲ့ ကုသိုလ် အမျှပေးလို့ရတယ်...(ရပါတယ်)။ သဘောကျပလား... (ကျပါပြီဘုရား)၊ အလှူပေးတဲ့ ကုသိုလ် အမျှပေးရင် ရပါတယ်... (မှန်ပါ့)။ သီလဆောက်တည်တဲ့ ကုသိုလ်...(ရပါတယ်)။

မဂ်ကုသိုလ် ခန္ဓာထဲရောက်တယ်၊ အမျှပေးလို့...(မရပါဘုရား)။

## ခိုင်မြဲတဲ့ကုသိုလ် ကိုယ်ပိုင်အရယူပါ

ဒါဖြင့် မရတဲ့ကုသိုလ်နဲ့ ရတဲ့ကုသိုလ် ဘယ်သူက ခိုင်မြဲ၊ ဘယ်သူက မခိုင်မြဲလို့ မရတာတုံးဆိုတာ အကဲခတ်စမ်း...(မဂ်ကုသိုလ်ဘက် ခိုင်မြဲပါတယ်ဘုရား)။

ဒါကြောင့် မဂ်က ခိုင်မြဲလို့ "သမ္မတ္တ နိယတာမဂ္ဂ" လို့ ပြောလိုက်တယ်...(မှန်ပါ့)။ ဒကာ၊ ဒကာမတွေ နားလည်းသွားပလား...(မှန်ပါ့)၊ မဖောက်ပြန်ဘဲနဲ့ မြဲတယ်လို့ မဆိုဘူးလား...(ဆိုပါတယ်ဘုရား)။

အဲဒီ မြဲတဲ့ကုသိုလ်ရမှ ခင်ဗျားတို့ အပါယ်လေးပါး တံခါးပိတ်မယ်၊ မမြဲတဲ့ ကုသိုလ်ဟာ...

"ဥက္ခိတာ ပုညတေဇေန၊ ကာမရူပဂတိံ ဂတာ၊
ဘဝဂ္ဂတမ္ပိ သမ္ပတ္တာ၊ ပုနာဂစ္ဆန္တိ ဒုဂ္ဂတိ"

ဆိုတဲ့အတိုင်း ပြန်ကျမယ်...(မှန်ပါ့)၊ မကျပေဘူးလား... (ကျပါတယ်)။

ဒါဖြင့် မြဲတဲ့ကုသိုလ်နဲ့ မမြဲတဲ့ကုသိုလ် ဘယ်ဟာ ကိုယ်ပိုင် လုပ်ဖို့ အရေးကြီးပါလိမ့်...(မြဲတဲ့ကုသိုလ်ကို ကိုယ်ပိုင်လုပ်ဖို့ အရေးကြီးပါတယ်)။

ဒါဖြင့် ဝိပဿနာလုပ်၊ ဝိပဿနာမဂ် အဆုံးမှာ လောကုတ္တရာမဂ်လာမယ်...(မှန်ပါ့)၊ သဘောကျပလား...(ကျပါပြီ)။

**ကဲ...ယနေ့ ဒီတွင် တော်ကြဦးစို့။**

**သာဓု...သာဓု...သာဓု။**